## ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၄၀)

# ဟောသူ နာသူ စိတ်ထားဖြူ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

## ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဟောသူ နာသူ စိတ်ထားဖြူ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ်-၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၁ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်
အောင်ဇမ္ဗူပုံနှိပ်တိုက်
အမှတ် ၁၅၂၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

## မှတ်တမ်း

### သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊
### ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊
### တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက်
### ၅. ၁၂. ၂၀၁၀ (တနင်္ဂနွေနေ့)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်
ဗုဒ္ဓဝါဒီဇူးက စေတီတော်အား ဦးထိပ်ပန်ဆင်လျက်
တတိယအကြိမ်မြောက် ကိုင်းတန်းလမ်းမိသားစု
သံဃဒါနဆွမ်းလောင်းအသင်း၏ အနှိုင်းမဲ့အလှူ ဓမ္မပူဇာ
အထူးတရားပွဲ၌
ကိုင်းတန်းလမ်း အမှတ်(၆၈) ဦးမောင်မောင်အားရည်စူး၍
ဒေါ်နန်းတွံ သားသမီး မြေးမိသားစု
နှင့်
ကိုင်းတန်းလမ်း အမှတ်(၆၄)
ဦးမျိုးဦး ဒေါ်ခင်ခင်ဝင်း သား မောင်တင့်မျိုးထက်၊ သမီး
မလှဲ့ယဉ်မျိုးဦး မိသားစုတို့၏ အမတဒါန
ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော
"ဟောသူ နာသူ စိတ်ထားဖြူ" တရားဒေသနာတော်

# "ဟောသူ နာသူ စိတ်ထားဖြူ"

"ဟောသူ နာသူ စိတ်ထားဖြူ" - "ဟောသူ" ဆိုတာ တရားဓမ္မကို ဟောပြောတဲ့ ဓမ္မကထိက ပုဂ္ဂိုလ်၊ "နာသူ" ဆိုတာ တရားဓမ္မကို နာယူတဲ့ တရားနာပရိသတ်၊ နှစ်ဦးနှစ်ဝ ဟောတဲ့ပုဂ္ဂိုလ်က လည်း စိတ်ထားဖြူစင်ဖို့ အင်မတန်မှ အရေးကြီး တယ်၊ နာယူတဲ့ပုဂ္ဂိုလ်ကလည်း စိတ်ထားဖြူစင်ဖို့ အရေးကြီးတယ်၊ ဒါကြောင့်မို့ "ဟောသူ နာသူ စိတ် ထားဖြူ" ခေါင်းစဉ်နဲ့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူ ခဲ့တဲ့ ဒေသနာတော်တွေထဲက ထုတ်နှုတ်ပြီး ဟောပါ့ မယ်၊ တရားဟောတဲ့ပုဂ္ဂိုလ်က ဘယ်လိုစိတ်ထားနဲ့ ဟောရမယ်, တရားနာတဲ့ပုဂ္ဂိုလ်ကလည်း ဘယ်လို စိတ်ထားနဲ့ နာရမယ်ဆိုတာ သိဖို့ လိုအပ်တယ်၊

မြတ်စွာဘုရားက အကျိုးရှိရာ အကျိုးရှိကြောင်း ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပေါ်စေတတ်တဲ့ လမ်းညွှန်ချက်များကို ပေးထားတာ ရှိပါတယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံသို့ ပိဋကတ်၃-ပုံ စတင် ရောက်ရှိလာတဲ့အချိန်ကို သမိုင်းမှတ်တမ်းအဆို အရ အနော်ရထာမင်းကြီးလက်ထက် ပုဂံခေတ်မှာ စတင်ရောက်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်၊ သို့သော် ဒီထက်စောပြီးတော့လည်း ရောက်ဖို့ရာ အကြောင်းတွေ ရှိတယ်၊ ဘာဖြစ်လို့လဲဆိုရင် ပုဂံ ခေတ်ထက်စောတဲ့ သရေခေတ္တရာပြည်ခေတ်ဆိုတာ ရှိတယ်၊ ဒွတ္တဘောင်မင်းကြီးလက်ထက်မှာ ရှင်သာရိ-ပုတ္တရာတို့ကို ရှင်အဿဇိဟောကြားခဲ့တဲ့ **"ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ"၊** ဒီ ဂါထာလေးကို ရေးမှတ်ထားတဲ့ ရွှေပေလွှာ ရွှေပုရပိုက်ကို မြေထဲက တူးဖော်ရရှိတဲ့ သမိုင်း အထောက်အထား ရှိတယ်။

ဒီလို လေးနက်တဲ့ တရားဓမ္မတွေ ပုဂံခေတ် မတိုင်မီ သရေခေတ္တရာလို့ ခေါ်တဲ့ ပြည်ခေတ်က တည်းက ရောက်ရှိနေတယ်လို့ ဒီလို ပြောရမယ်။

အဲဒီလို ရောက်ရှိလာတဲ့ ဗုဒ္ဓမြတ်စွာရဲ့ တရား ဓမ္မတွေဟာ အင်မတန်မှ များတယ်၊ စာမျက်နှာနဲ့ ပြောမယ်ဆိုရင် နှစ်သောင်းပတ်ဝန်းကျင်မှာ ရှိနိုင် တယ်ပေါ့၊ ဒါတောင် တူရာတွေကို ချုံးပြီး ရိုက်ထား တာ။

## တိပိဋကဓရဘွဲ့

ဒီကနေ့ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲမှာ ပြဋ္ဌာန်းထားတာဟာ ဒီစာတွေအကုန် မဟုတ်ဘူး၊ အုပ်ရေ-၂၀ ပဲ ပြဋ္ဌာန်းထားတယ်၊ အဲဒီအုပ်ရေ-၂၀ ဟာ စာမျက်နှာပေါင်း ၈၀၂၆-မျက်နှာလို့ ဆိုတယ်၊ အဲဒီ ၈၀၂၆-မျက်နှာသော စာတွေကို ကျက်မှတ်ပြီး ပြန်ဆိုရတယ်၊ အနည်းဆုံး ၁၀-နှစ်လောက် ကြာ တယ်၊ အလွတ်ရအောင် ကျက်ပြီး ပြန်ဆိုနိုင်ရမယ်၊ ပြန်ဆိုနိုင်ရင် **"ဓရ"** ဆိုတဲ့ ဘွဲ့ပေးတယ်။

အဲဒီ မိမိပြန်ဆိုထားတဲ့ စာပိုဒ်တွေရဲ့ အဓိပ္ပါယ်တွေ - ကျမ်းရင်းကလာတဲ့ အဓိပ္ပါယ်, အဋ္ဌကထာဋီကာက လာတဲ့ အဓိပ္ပါယ် - အဲဒီအဓိပ္ပါယ်အသေးစိတ်ကို စာအုပ်တွေမှာ ဖတ်ရှုလေ့လာပြီး နားလည်အောင် သဘောပေါက်အောင် သင်ယူမှတ်သားပြီးတော့မှ ရေးဖြေစာမေးပွဲကို ဖြေဆိုရတယ်၊ အောင်မြင်ပြီဆိုရင် **"ကောဝိဒ"** ဆိုတဲ့ဘွဲ့ ပေးတယ်၊ "ကောဝိဒ"ဆိုတာ "လိမ္မာကျွမ်းကျင်သူ"လို့ အဓိပ္ပါယ်ရတယ်။

"ဓရ" ဆိုတာ နှုတ်တက်အာဂုံဆောင်သူ, "ကောဝိဒ" က လိမ္မာကျွမ်းကျင်သူ၊ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ တိပိဋကဓရ, တိပိဋကကောဝိဒ လို့ ဒီဘွဲ့နှစ်ခုစုံမှ တိပိဋကဓရပုဂ္ဂိုလ်ဆိုတာ ဖြစ်တယ်။

## ပိဋကတ် ၃-ပုံ ရောက်ရှိနေသော်လည်း

ပြောချင်တာက မြန်မာပြည်မှာ ပိဋကတ် ၃-ပုံ ရောက်ရှိနေသော်လည်း ဗုဒ္ဓ ဓမ္မ သံဃာကို ကြည်ညိုကြတဲ့ ဒကာဒကာမတွေရဲ့ ပိဋကတ်နဲ့ ပတ်သက်တဲ့

အသိဉာဏ်ဟာ အားပျော့နေသေးတယ်, အားနည်းနေသေးတယ်။

**အဓိကအခက်အခဲ**

ဘာဖြစ်လို့ အားနည်းနေရသလဲဆိုရင် အချိန်မရှိလို့ မလေ့လာနိုင်လို့ စီးပွားရေးတစ်ဖက် လူမှုရေးတစ်ဖက်နဲ့ ဒီလိုနေရလို့ - ဒီလို ပြောကောင်း ပြောကြလိမ့်မယ်၊ အဲဒါက အဓိကအခက်အခဲ မဟုတ်ဘူး၊ အဓိကအခက်အခဲက ဘုရားဟောတဲ့ တရားတွေဟာ ပါဠိလိုဟောထားတာ၊ ပါဠိလိုဟောထားတဲ့ တရားဓမ္မတွေကို မြန်မာလိုပြန်ဖို့ ဆိုတာ မလွယ်ဘူး၊ ပြန်ထားတာတွေတော့ ရှိတယ်ပေါ့၊ ပါဠိမတတ်တာ အခက်အခဲပေါ့။

**တရားဟောပုံစနစ် အဆင့်ဆင့် ပြောင်းလဲလာပုံ**

ဘုန်းကြီးတွေဟောတဲ့ တရားလောက်ပဲ လူတွေက နာကြရတာ၊ ရှေးတုန်းကဆိုရင် ယပ်ထောင်ခေတ်တို့ ယပ်လှဲခေတ်တို့ဆိုတာ ပေါ်ခဲ့တယ်၊ ယပ်

ကြီးကို ထောင်ပြီး ယပ်နဲ့ မျက်နှာပိတ်ပြီး ဟောတဲ့ ခေတ်မှာ ယပ်ထောင်တရား ဆိုပြီးတော့ ရတာတွေ အကုန်ရွတ်ပြီး ဟောလိုက်တာပေါ့၊ ဝေဝေဆာဆာ မဟုတ်ဘူး၊ ကျက်ထားတဲ့အတိုင်း အစအဆုံး ဟော လိုက်တယ်၊ အဲဒါကို ယပ်ထောင်ခေတ်လို့ ပြော တယ်၊ အဲဒီယပ်ထောင်တရားတွေနဲ့ မြန်မာလူမျိုး တွေဟာ စတင်ပြီးတော့ တရားပွဲတွေမှာ နာကြရ တယ်။

အဲဒီ ယပ်ထောင်ခေတ် ကုန်သွားတဲ့အခါကျ တော့ ယပ်ထောင်ကို ပြောင်းပြန်ပြန်လိုက်ပြီး ယပ်လှဲ ခေတ်ဆိုတာ ပေါ်လာပြန်တယ်၊ ဘာတွေ လုပ်လာ ကြတုန်းဆိုလို့ရှိရင် ယပ်လှဲတရားစာတွေ ထုတ်ပြီး ဇာတ်လမ်းဇာတ်ကွက် ကောင်းကောင်းတွေကို အဆို အငိုနဲ့ လွမ်းခန်းဆွေးခန်းတွေကို ဦးစားပေးပြီး ဟော တဲ့နည်း ပေါ်လာခဲ့တယ်။

အဲဒီတော့ မြန်မာနိုင်ငံရဲ့ ဓမ္မလုပ်ငန်းဟာ ပိဋကတ်နဲ့ အလှမ်းဝေးနေသေးတယ်၊ အဲဒီလို ဟော ခဲ့တဲ့ တရားတွေဟာ ပိဋကတ်ထဲက မဟုတ်ဘူးလား

ဆိုတော့ ဟုတ်ပါတယ်၊ ဟုတ်ပေမယ့် များသောအား ဖြင့် ပုံဝတ္ထုတွေပဲ များတယ်၊ ဇာတ်လမ်းဇာတ်ကွက် တွေ ဟောတာဆိုတော့ ဒကာဒကာမတွေကလည်း ပွဲကြည့်ရသလိုပဲ၊ တရားနာတဲ့အခါ ဇာတ်လမ်းလေး တွေ မှတ်ပြီးတော့ နာကြတယ်၊ လွမ်းခန်း ဆွေးခန်း ဟောတဲ့အခါ မျက်ရည်လေးသုတ်ပြီး နာကြတယ် ပေါ့။

အဲဒီလိုခေတ်တွေကို ဖြတ်ကျော်လာပြီးတော့ နောက်ပိုင်းခေတ်ရောက်လာတဲ့အခါ မြန်မာပြည်မှာ စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်ဘုရားကြီး ဆိုတာ ပေါ်လာတယ်၊ အဲဒီအနီးစခန်းဆရာတော် ဘုရားကြီးက လွမ်းခန်းဆွေးခန်းတွေ မဟောဘူး၊ သုတ္တန်ပါဠိတော်ကြီးတွေကို အစအဆုံး ရွတ်ဆို မြန်မာပြန်ပြီးတော့ ဟောတယ်၊ ပါဠိတော်ဟောစဉ် ကြီးတစ်ခု ပေါ်လာခဲ့တယ်။

အဲဒီ ပါဠိတော်ဟောစဉ်ကြီးဟာ ပထမလူတွေ က နားမယဉ်ကြဘူး၊ နားမယဉ်တော့ ဘုန်းကြီးတို့ ကြားဖူးတယ်၊ အနီးစခန်းဆရာတော် မန္တလေးက

တရားဟောပြီးပြန်တော့ သမွန်လေ့နဲ့ ရောဝတီမြစ်ကို ကူးရတယ်၊ အဲဒီတုန်းက စစ်ကိုင်းတံတားကြီးကို စစ်အတွင်းမှာ အင်္ဂလိပ်က ချိုးသွားလို့ ဂုံးနှစ်ဂုံး ရေထဲ ပြုတ်ကျနေတယ်၊ စစ်ကိုင်းတောင်ရိုးကနေ မန္တလေးဖက် ကူးချင်လို့ရှိရင် အညာအခေါ် "ငှက်" ခေါ်တဲ့ သမွန်နဲ့ ကူးရတယ်၊ မတ်တပ်ရပ်ပြီးတော့ တက်နှစ်ချောင်းနဲ့ ခတ်လှော်တဲ့ သမွန်ပေ့ါ၊ ရန်ကုန်မှာလည်း ရှိပါတယ်၊ အခုတော့ အဲဒီလိုခတ်တာ မဟုတ်တော့ဘူး၊ ပဲ့ချိပ်စက်နဲ့ မောင်းကြတယ်၊ အဲဒီလို ငှက်သမွန်နဲ့ ဟိုဖက်ကမ်းကို ကူးပြီး သွားတာ။

တစ်ရက်တော့ အနီးစခန်းဆရာတော်ကြီး တရားဟောပြီး ပြန်လာတဲ့အခါ ဆရာတော်ကြီးက သမွန်ပဲ့ပိုင်းမှာ ထိုင်တယ်၊ နောက်ဆရာတော်တစ်ပါးက ဦးပိုင်းမှာ ထိုင်တယ်၊ ဈေးဝယ်ရာက ပြန်လာတဲ့ ဒကာမကြီးနှစ်ယောက်က အလယ်မှာ ထိုင်ကြတယ်၊ ဒကာမကြီးနှစ်ယောက်က ဘာပြောလဲဆိုရင် "ညက အနီးစခန်းကိုယ်တော်တရားဟောတာ သွားနာတယ်"

တဲ့၊ "ပါဠိတွေ ရွတ်ပြီး အနက်တွေ ဆိုနေတာ နား မလည်ဘူး" လို့ ပြောသတဲ့။

ဆိုလိုတာက ဒီလိုပါဠိတော်ကြီးတွေကို ဟော သော်လည်း လူတွေနဲ့ မနီးစပ်ဘူး ဖြစ်နေတယ်၊ ဝေး မြဲဝေးနေတယ်ပေါ့၊ ဘာဖြစ်လို့တုန်း? လူတွေ နားထဲ မှာ ပါဠိပါဌ်သားတွေ ရွတ်ပြီး အနက်တွေ ပြန်တာ ရှင်းပြီးတော့ မသွားသေးဘူး၊ ရှင်းမသွားသည့် အတွက်ကြောင့် ဘုရားဟောတဲ့ ပိဋကတ်ပါဠိတော် တွေနဲ့ လူတွေဟာ ဝေးမြဲ ဝေးနေကြတယ်။

နောက်ပိုင်းခေတ် ရောက်လာကြတဲ့အခါကျ တော့ တရားရိပ်သာတွေ ပေါ်လာလို့ မဟာစည် ဆရာတော်ဘုရားကြီးတို့ သုတ္တန်တွေကို ကျကျနန ဟောကြတယ်၊ ပါဠိတော်စကားတွေကို ကဗျာလင်္ကာ တွေ စီကုံးပြီး လူတွေမှတ်လွယ်အောင် ဟောလာတဲ့ အခါ အတော်အသင့် လူတွေဟာ တရားနဲ့ နီးစပ်လာ တယ်၊ သုတ္တန်တရားတော်တွေနဲ့ တဖြည်းဖြည်း နီး စပ်လာတယ်။

ဒီကနေ့ခေတ် ရောက်လာတဲ့အခါ တရားဟောတဲ့စနစ်တွေ ပြောင်းသင့်သလောက် ပြောင်းလာတယ်၊ တရားနာတဲ့ပုဂ္ဂိုလ်တွေကလည်း ပြောင်းသင့်သလောက် ပြောင်းလာတယ်၊ ခံယူနိုင်မှုတွေဟာ တိုးတက်လာတယ်လို့ ပြောရမယ်၊ ဒါ ဝမ်းသာစရာတစ်ခုပဲ။

**စာချတာဝန်သာ**

ဘုန်းကြီးတို့လည်း တရားဟောတယ်၊ သို့သော် တစ်သက်လုံး ဘုန်းကြီးတို့ တာဝန်ယူရတဲ့အလုပ်က တရားဟောတဲ့အလုပ် မဟုတ်ဘူး၊ စာသင်တိုက်မှာ စာချတဲ့တာဝန်နဲ့ ကြီးလာခဲ့ရတာ၊ အသက်အရွယ် ရောက်လို့ နိုင်ငံခြားတိုင်းပြည်တွေ သွား၊ ဘာသန္တရ သင်ကြားလို့ အသင့်အတင့် တတ်မြောက်လာတဲ့အခါ နိုင်ငံခြားသားတွေကို စာသင်ပေးတယ်၊ ဗုဒ္ဓရဲ့ တရားတော်တွေ နိုင်ငံခြားသားတွေ နားလည်လွယ်အောင် လိုရင်း တိုရှင်း အနှစ်ချုပ်ပြီး ပြောရတဲ့ အလေ့အကျင့်တွေ ရလာတယ်။

နိုင်ငံခြားသားတွေနဲ့ မြန်မာတွေ ကွာခြားတာ ဘာရှိသလဲဆိုတော့ နိုင်ငံခြားသားတွေက သင်တန်းတက်နေတဲ့အချိန်, ရှင်းလင်းဟောပြောတာ နားမလည်ဘူးဆိုရင် ချက်ချင်းလက်ညှိုးထောင်တယ်၊ မဆိုင်းမတွ မေးခွန်းမေးတာပဲ။

မြန်မာလူမျိုးတွေကတော့ အဲဒီလို မဟုတ်ဘူး၊ ယပ်ထောင်ခေတ်ကတည်းက ခေါင်းလေးငုံ့ပြီး တရားနာလာတဲ့အကျင့်က ဒီကနေ့အထိ ဒီအတိုင်းပဲ၊ ဒီလိုလေးပဲ နာတယ်၊ နားလည်သည်ဖြစ်စေ, နားမလည်သည်ဖြစ်စေ - ခေါင်းငုံ့ပြီး တရားနာတယ်၊ သိသိ မသိသိ တရားဆုံးအောင်တော့ နာကြတာပဲ၊ တရားကြောရှည်တဲ့ကိုယ်တော်နဲ့ တွေ့ရင်တော့ တွန့်လိမ်နေတာလည်း ရှိတယ်၊ ထိုင်ရင်း အိပ်ပျော်သွားတာတွေလည်း ရှိတယ်ပေါ့၊ အဲဒီလို ခေတ်အမျိုးမျိုး ကျော်ဖြတ်လာခဲ့ကြတယ်။

ဒီကနေ့ ဘုန်းကြီးတို့ တရားဟောတယ် ဆိုတာဟာ စာသင်ပေးတဲ့ ပုံစံနဲ့ ဟောတယ်၊ ဘာဖြစ်လို့ ဒီပုံစံ ဟောတာတုန်းဆိုတော့ ကိုယ်က ဟိုပုံစံနဲ့ မဟော

တတ်ဘူး၊ ဟောလည်း မဟောချင်ဘူး၊ လူတွေ ရှင်းရှင်းနဲ့ ဘယ်လိုနားလည်အောင် ဟောရမလဲ ဆို တဲ့စိတ် ရှိတယ်၊ သူများကို နားလည်အောင် ရှင်း ပြောမယ်ဆိုရင် ကိုယ်တိုင်က အရင်နားလည်မှ ပြော လို့ ရတာ၊ subject matter တစ်ခုဟာ ရှင်းပြတဲ့ ပုဂ္ဂိုလ်က လည်နေလို့ရှိရင် နားထောင်တဲ့ပုဂ္ဂိုလ်က လည်း လည်သွားမှာပေါ့၊ ရှင်းပြတဲ့ပုဂ္ဂိုလ်က ပိုင်ပိုင် နိုင်နိုင်ရှိမှ နားထောင်တဲ့ပုဂ္ဂိုလ်က နားလည်တယ်။

**ဟောသင့်လို့ ဟောခြင်းသာ**

အဲဒါကြောင့်မို့ ဘုန်းကြီးတို့ ဒီကနေ့ တရား ဟောတယ်ဆိုတာ "ဟောသင့် ဟောထိုက်လို့ ဟော တယ်" လို့ စိတ်ထဲမှာ ခံယူထားတယ်၊ ဟောတဲ့အခါ မှာလည်း အပိုတွေ မပါရအောင် ဂရုစိုက်ပြီး ဟော တယ်၊ "ကိုယ့်တရား မဟုတ်ဘူး၊ ဘုရားရဲ့တရား၊ လူ တွေ နားလည်ကြပါစေ"၊ တို့လူမျိုးတွေရဲ့ လက်ထဲမှာ ပိဋကတ် ၃-ပုံ ရောက်နေတာ ကြာလှပြီ၊ နှစ်ပေါင်း

ထောင် ချီနေပြီ၊ ကနေ့အထိ လူတွေအသိ ဉာဏ်ထဲ အရောက်နည်းနေသေးတယ်။

ရောက်တယ်ဆိုတာတောင် ဘာရောက်တုန်း ဆိုရင် ၅၅၀-ဇာတ်တို့ ဓမ္မပဒဝတ္ထုတို့ ဝတ္ထုဇာတ်လမ်း တွေပဲ အရောက်များတယ်၊ အနှစ်သာရရှိတဲ့ တရား တွေ သိပ်ပြီးတော့ မရောက်သေးဘူး၊ ဒီလိုအနေ အထားမျိုး ရှိတယ်၊ အဲဒါကြောင့် အနှစ်သာရရှိတဲ့ တရားတွေ များများရောက်စေချင်တယ်၊ ဒါကြောင့်မို့ လို့ တရားဟောတာ၊ အဲဒီလို တရားဟောတာ၊ ကိုယ့် ကိုယ်ကို ရည်ရွယ်ချက်မှန်ကန်အောင်, မြတ်စွာဘုရား ရဲ့ လမ်းညွှန်ချက်အတိုင်း စိတ်ထားဖြူစင်အောင် ကြိုးစားပြီးတော့ ဟောတာ။

## အပ်ဝင် ပုဆိန်ထွက်

ဒါတောင်မှပဲ တစ်နေ့က ဘုန်းကြီးတစ်ပါးက ဖုန်းဆက်တယ်၊ "ဆရာတော်တို့ တရားလိုက်ဟော နေတယ်လို့ ကြားတယ်" တဲ့၊ "တရားလိုက်ဟောနေ

လို့ရှိရင် 'အပ်ဝင် ပုဆိန်ထွက်' လည်း ဖြစ်နေဦးမယ်" တဲ့၊ သူက ပြောတာ။

"နေပါဦး - ကိုယ်တော်ပြောတဲ့ 'အပ်ဝင်ပုဆိန်ထွက်' ဆိုတာ ဘာပြောတာလဲ" လို့ ဆိုတော့ ကျောင်းမှာ သံဃာတွေကို စာမချဘဲနဲ့ တရားလိုက်ဟောတာကို သူက အပြစ်ပြောတဲ့ သဘောပေါ့နော်၊ စာသင်ပေးလို့ရတဲ့ အကျိုးအမြတ်ကို 'ပုဆိန်'၊ ဒကာဒကာမတွေကို ဟောလို့ ရတာက 'အပ်' လို့ ဆိုလိုတာပေါ့။

ဒီလို သူ့အမြင်ကို ပြောတော့ ဘုန်းကြီးတို့က "တို့က ဒီလို မမြင်ဘူး" လို့၊ "တို့ သာသနာဟာ ဒကာဒကာမတွေကို မှီပြီး ရပ်တည်ရတယ်၊ မြတ်စွာဘုရားကိုက 'ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ' လို့ ဆိုပြီး ပရိသတ်လေးပါး၊ လက်တွဲပြီး သာသနာပြုဖို့ ပရိသတ်လေးပါး ထားခဲ့တာ"။

ဘုန်းကြီးတွေက ဘုန်းကြီးတွေချည်းပဲ စာချနေရုံနဲ့ ပြီးတာ မဟုတ်ဘူး၊ ဒကာဒကာမတွေ နားလည်အောင်လည်း ဟောပြောသင့်တယ်၊ မြတ်စွာ

ဘုရားကိုယ်တိုင်က "ဒေသေစာရီကြွကြ၊ တရားဟောကြ" လို့ သာသနာ စတင်တဲ့အချိန်မှာ "**ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ**" "အစ အလယ် အဆုံး သုံးမျိုးသောကောင်းခြင်းနဲ့ ပြည့်စုံတဲ့ တရားဓမ္မကို ဟောကြ" လို့ မိန့်တော်မူခဲ့တယ်၊ ဘာဖြစ်လို့ ဟောခိုင်းတာတုန်းဆို "**အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ**" တရားမနာရလို့ရှိရင် လူတွေဟာ အသိတရားဆုံးရှုံးမှု ဖြစ်ကြတယ်၊ ဟုတ်တယ် ဗုဒ္ဓမြတ်စွာရဲ့ တရားကို မနာဖူးသည့်အတွက်ကြောင့် အသိဉာဏ်မရရှိကြဘူး၊ နာရမှသာ "ဪ တရားတွေဟာ ဒီလိုရှိတာပါလား" ဆိုတာ သဘောပေါက်လာကြတယ်၊ ဒကာဒကာမတွေ အသိဉာဏ်ရတာ 'အပ်ဝင်' တာမဟုတ်ဘူး၊ အပ်ထက်ကြီးမားတဲ့ ပုဆိန်ထက်ကြီးမားတဲ့အရာကို ရတာ။

**သာသနာတည်နိုင်ဖို့**

ဘာဖြစ်လို့တုန်း ဆိုတော့ သာသနာဆိုတာ ဘုန်းကြီးတွေတင် ပြုလို့ မရဘူး၊ ဒကာဒကာမတွေပါ ပြုမှ ဖြစ်တယ်၊ သာသနာရဲ့ ထောက်တိုင်ကြီးလေး ရပ် ရှိတယ်လို့ ပြောရမယ်၊ အမျိုးသားရဟန်းတော်, အမျိုးသမီးရဟန်းတော်၊ (အမျိုးသမီးရဟန်းတော် ဒီ ကနေ့ မရှိတော့ သီလရှင်ပေါ့။) အမျိုးသားဥပါသကာ, အမျိုးသမီးဥပါသိကာလို့ ဟောဒီလေးဦး၊ ဒီ society ကြီးဟာ ဦးထမ်းပဲ့ထမ်း သာသနာတော်ကို ကြိုးပမ်း အားထုတ်မှ သာသနာတည်နိုင်တာ။

## ရည်ရွယ်ချက် မှန်ရမည်

ဒါကြောင့်မို့ ကိုယ်တော်ပြောတဲ့ 'အပ်ဝင် ပုဆိန်ထွက်'ဆိုတာ မဟုတ်ဘူး၊ တရားဆိုတာ ဟော ရတယ်၊ သို့သော် ရည်ရွယ်ချက်တော့ မှန်ရမယ်၊ တရားဟောတဲ့ ဘုန်းကြီးကလည်း ရည်ရွယ်ချက်မှန် ဖို့ လိုတယ်။

နောက်တစ်ခုပြောရဦးမယ်၊ တရားပွဲကျင်းပတဲ့ ပုဂ္ဂိုလ်တွေကလည်း ရည်ရွယ်ချက်မှန်ဖို့ လိုတယ်၊

မြန်မာနိုင်ငံမှာ ဝမ်းနည်းစရာသတင်းတွေ ကြားရတယ်၊ တရားပွဲကျင်းပတာ တရားပွဲကို ကန်ထရိုက်ဆွဲပြီး ကျင်းပတယ်ဆိုတဲ့ သတင်းတွေတောင် ထွက်တယ်၊ ဟုတ် မဟုတ်တော့ ဘုန်းကြီးတို့ မသိဘူးပေါ့။ တရားပွဲရက်ရှည် ကျင်းပတယ်၊ ကျင်းပပြီးတော့ အလှူခံလို့ရတဲ့ ငွေကြေးကို တစ်ချို့တစ်ဝက် ဓမ္မကထိကကို လှူတယ်၊ ကျန်တာက ကုန်ကျစရိတ်ပေါ့။ အသံချဲ့စက်တို့ ဘာတို့ ငှားခတွေနဲ့၊ တစ်ချို့ဆီမှာ လုပ်တာ ဟုတ်သလောက် ဟုတ်တယ်၊ အဲဒီလို အသံတွေ ကြားရတယ်၊ အဲဒါကတော့ တကယ်မဖြစ်သင့်တဲ့ ကိစ္စ ဖြစ်တယ်လို့ ပြောရမှာပဲ။

ဘာသာရေးကိစ္စတစ်ခုက ဘာသာရေးအမြင်နဲ့ပဲ လုပ်သင့်တယ်၊ တရားကိုမြတ်နိုးတဲ့အနေနဲ့ပဲ လုပ်သင့်တယ်၊ တရားဆိုတာ အလွန်မွန်မြတ်လို့ လူတိုင်းနာယူခွင့် ရှိရမယ်။

နောက်တစ်ခု ပြောရဦးမယ်၊ တရားပွဲကို organize လုပ်တဲ့လူတွေ ရှိတယ်၊ ဆိုလိုတာက တရားပွဲမှာ အလှူခံတဲ့လူတွေပေါ့၊ သတိထားဖို့ ကောင်း

တာက ဓမ္မပူဇာများများရအောင် အလှူခံတာမျိုး တွေ လုပ်ကြတယ်၊ ဘုန်းကြီးတို့ စိတ်မကောင်းဘူး၊ စိတ်မကောင်းဘူးဆိုတာ ဘာလဲဆိုရင် သူတို့လှူ လိုက်တဲ့ ဓမ္မပူဇာလေးတွေကို ကြည့်လိုက်လို့ရှိရင် ဆင်းရဲသားတွေရဲ့ ခါးကြားက ထွက်လာတဲ့ အနွမ်း လေးတွေ တွေ့ရတယ်၊ အေး ဒါလေးတွေကတော့ သူတို့ခမျာ တရားနာချင်ရှာလွန်းလို့ ပိုက်ဆံပေး နာ ရတဲ့ အဖြစ်မျိုး ဖြစ်နေတယ်၊ ဒါ မဖြစ်သင့်ဘူး။

ဓမ္မပူဇာလှူတဲ့သူက လှူချင်လှူ မလှူချင်နေ ဘုန်းကြီးဆိုတာ တရားပွဲပင့်ရင် လာဟောမှာပဲ၊ "ဓမ္မ ပူဇာ ရချင်လို့ တရားဟောတာ မဟုတ်ဘူး၊ တရား ဟောလို့ ဓမ္မပူဇာ ရတာ"- ဒီလိုသာ ဖြစ်ရမယ်၊ ဓမ္မပူဇာ ရလို့ တရားဟောတာ မဟုတ်ဘူး၊ ဓမ္မပူဇာ ဆိုတာ လှူတဲ့လူအတွက် ကုသိုလ်ပဲ၊ သူကလည်း တရားကို ပူဇော်တာ၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း အဲဒါ ကို မမျှော်ကိုးရဘူး၊ အဲဒီလို မဟုတ်ဘူးဆိုလို့ရှိရင် အရောင်းအဝယ်တစ်ခုလို ဖြစ်လာနိုင်တယ်၊ ဒါ မရှိ ဘဲ ဘုန်းကြီးတို့ပြောတာ မဟုတ်ဘူး၊ တကယ်ရှိတာ။

နယ်ဘက် တရားပွဲတစ်ပွဲမှာ နာမည်ကျော် ဆရာတော်ကြီးတစ်ပါး - (ဘွဲ့တော့ ထုတ်မပြော တော့ဘူး၊ ဘုန်းကြီးတို့ကလည်း လူစုံတော့ ကြားရ တယ်ပေါ့)၊ တရားပွဲတစ်ပွဲမှာ တရားဟောပြီး ရေစက် ပါ ချပြီး ဆရာတော်က ကားပေါ်ရောက်ပြီး ပြန်တော့ မယ်၊ တရားပွဲစီစဉ်တဲ့ ပုဂ္ဂိုလ်တွေက "ခဏနေပါဦး၊ ခဏနေပါဦး၊ စာရင်းရှင်းလို့ မပြီးသေးလို့" တဲ့။

အဲဒါ ဘာတုန်းဆိုလို့ရှိရင် ဓမ္မပူဇာထဲက ငွေ ကို အသံချဲ့စက်ငှားခက ဘယ်လောက်၊ ဖျာငှားခက ဘယ်လောက်၊ မီးငှားခက ဘယ်လောက်၊ စက်ငှားခ က ဘယ်လောက်ဆိုတာ - အဲဒီစာရင်းရှင်းတာ မပြီး သေးလို့တဲ့၊ ဓမ္မပူဇာကို မလှူနိုင်သေးဘူး၊ ဒါ တကယ် ဖြစ်တာ၊ ပုံပြင် မဟုတ်ဘူး၊ မြန်မာပြည်မှာ ဒီလို ဖြစ်နေတာတွေ ရှိတယ်၊ အဲဒါမျိုးတော့ မဖြစ် သင့်ဘူး။

ဒါ့အပြင် တရားပွဲတွေမှာ ဂိတ်ဝကနေ ပိတ် ပြီး အလှူခံတာတွေဟာ မမှန်ကန်ဘူးလို့ ဘုန်းကြီး တို့တော့ ခံစားမိတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် တရား

နာချင်လို့ လာတဲ့ပုဂ္ဂိုလ်က အလှူခံပုံးထဲမှာ အလှူငွေ မထည့်လို့ရှိရင် ရှက်စရာဖြစ်နေတယ်၊ (အလှူခံတဲ့သူကလည်း အဲဒီနားမှာ ရှိနေတယ်)၊ ဒီငွေဖလားထဲကို ပိုက်ဆံလေး မထည့်ဘဲနဲ့ ဝင်သွားရမှာ သူ့အဖို့မှာ ရှက်စရာ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မယ်၊ ဒါမျိုးက မဖြစ်သင့်ဘူး။

တရားနာတယ်ဆိုတာ အခမဲ့ပဲ နာသင့်တယ်၊ သဒ္ဓါတရားပေါက်လို့ လှူတာကိုပဲ လက်ခံသင့်တယ်၊ လှူအောင်တော့ မတောင်းခံသင့်ဘူးပေ့ါ၊ ဘုန်းကြီးတို့က အဲဒါကို လုံးဝမနှစ်သက်ဘူး၊ ဘုန်းကြီးတို့နာမည်တွေ သုံးပြီး အလှူခံတယ်ဆိုတာလည်း ကြားရတယ်၊ ဆရာတော်ကြီးက ကျန်းမာရေး မကောင်းပါဘူး ညာဘူးနဲ့ အသံချဲ့စက်ကြီးနဲ့ ပြောဆိုအလှူခံတယ်၊ အင်မတန်မှ ရှက်စရာကောင်းတယ်၊ သနားလာအောင် ပြောပြီး တောင်းတာနဲ့ အတူတူပဲ၊ ဒါသူတောင်းစားအဆင့်ရောက် သွားတယ်၊ အဲဒီလို မဖြစ်သင့်ဘူး။

ဟိုးလွန်ခဲ့တဲ့ တစ်နှစ်က ဘုန်းကြီးက တရားဟောပြီး နောက်တစ်ရက် စင်္ကာပူသွားမှာ၊ ဆေးကုသွားတာ မဟုတ်ဘူး၊ သူတို့က ဆေးကုသွားတယ်ထင်တာ၊ စင်္ကာပူမှာ အဘိဓမ္မာသင်တန်းပို့ချဖို့ ပင့်တာ၊ နှစ်စဉ်ပင့်တာ၊ အဘိဓမ္မာသင်တန်းပို့ချဖို့ ပင့်တာကို "စင်္ကာပူ ဆေးကုသွားမှာ၊ ဆေးဖိုးဝါးခ လှူကြပါဦး"လို့၊ အဲဒီတရားပွဲလုပ်တဲ့လူတွေက သူတို့သဘောနဲ့သူတို့ အလှူခံတာမျိုး၊ ဘုန်းကြီးတို့ နောက်တော့ ပြန်ကြားတယ်၊ ဘာဆေးဖိုးဝါးခမှ မလိုဘူး။

ဘုန်းကြီးဆိုတာ ဘယ်နေရာ ရောက်ရောက် လှူမယ့်လူက ရှိပြီးသားပါ၊ စင်္ကာပူရောက်တဲ့အခါ စင်္ကာပူဒကာဒကာမတွေ ရှိတယ်၊ သူတို့ကပဲ လှူကြ ဆေးကုစရာရှိ ကုသပေးကြတယ်၊ တကယ်လည်း ဆေးကုသွားတာ မဟုတ်ဘူး၊ အဲဒီလိုမျိုးတွေပြောတာကတော့ လုံးဝမကောင်းတဲ့ အပြောအဆိုမျိုးတွေပဲ၊ ဘုန်းကြီးတို့လည်း သိက္ခာကျတယ်၊ အဲဒီလိုမျိုး လုံးဝမပြောသင့်ဘူး၊ ဒါသတိထားစရာကို

ပြောပြတာ၊ တကယ်လည်း ကြုံတွေ့ခဲ့ရတဲ့ ကိစ္စတွေကို ပြောပြတာ။

**ဓမ္မပူဇာ ဆိုတာ**

ဒါကြောင့်မို့ ဓမ္မပူဇာဆိုတာ လှူချင်တဲ့ စေတနာရှိတဲ့ ပုဂ္ဂိုလ်သာ လှူပါစေ၊ "လှူကြပါ ဒါန်းကြပါ" လို့ ပြောစရာ မလိုဘူး၊ လှူချင်လို့ရှိရင် လှူချင်တဲ့ပုဂ္ဂိုလ်တွေ အဆင်ပြေအောင် အလှူလက်ခံတဲ့ နေရာလေးသာ ရှိသင့်တယ်၊ အလှူခံဖလားဆိုတာ မထားသင့်ဘူး၊ တချို့ဆို လမ်းပိတ်ပြီးတော့တောင် အလှူခံကြတာ။

**အလှူခံတာလား ငွေကောက်တာလား ?**

ဘုန်းကြီးတို့ တစ်ခါက ပုဂံညောင်ဦးဘက်ကို ဒကာကြီးတစ်ယောက်နဲ့ ခရီးသွားဖူးတယ်၊ ခရီးသွားတဲ့အခါ ဂိတ်တစ်ဂိတ်မှာ ရှေ့ကနေ မောင်းတံကြီးနဲ့ တားပြီး အလှူခံတယ်၊ အလှူခံတာ ဘယ်လို အလှူခံတုန်းဆို ဖြတ်ပိုင်းနဲ့ အလှူခံတာ၊ အလှူခံတယ်လည်း ဆိုသေးတယ်- ဖြတ်ပိုင်းမှာ ရေးထားတာ

ငါးဆယ်တဲ့၊ ဖြတ်ပိုင်း ဖြတ်ပေးတယ်၊ အဲဒီတော့ ဘုန်းကြီးနဲ့ ပါလာတဲ့ ဒကာကြီးကလည်း ခပ်ရွတ်ရွတ် ကိုး၊ သူက "မင်းတို့ ဒါ ဘာလုပ်တာလဲ" တဲ့၊ "အလှူ ခံတာလား ငွေကောက်တာလား" တဲ့၊ "အလှူခံတာ ပါ" တဲ့၊ "ဟ အလှူခံပါတယ်ဆိုရင် ဘာလို့ ငါးဆယ် လို့ ရေးထားတာလဲ၊ ငါ သဒ္ဓါတာ ငါးကျပ်ပဲ" ဆိုပြီး ငါးကျပ်တန်ပေးခဲ့ပြီး ကားကိုဆက်မောင်းသွားတယ်၊ ဒါ ကိုယ်တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်တစ်ခုပဲပေါ့။

## ရန်ကုန်က ဒကာတစ်ယောက်

နောက်တစ်ခါ ဒီရန်ကုန်က ဒကာတစ်ယောက်၊ ဘုန်းကြီးတို့ သံလျင်ဘက်မှာ ကျောင်းဆောက်တယ်၊ ကျောင်းဆောက်တယ်ဆိုတာ ဒကာဒကာမတွေ လှူတဲ့ငွေနဲ့ ဆောက်တာ၊ ဒကာဒကာမတွေက သူ့ဟာ သူ သဒ္ဓါပေါက်လို့ လှူဒါန်းနေကြတာပဲ၊ ဘုန်းကြီးတို့ က ဘာမှ သွားပြီး အလှူခံနေစရာ မလိုဘူး၊ သူ့ ဟာသူ သဒ္ဓါပေါက် လှူတာပဲ။

အဲဒီ ဒကာတစ်ယောက်က ဘာလာလျှောက် တုန်းဆိုရင် "ဆရာတော် ကျောင်းဆောက်နေတာ ဖြတ်ပိုင်းလေး ရိုက်ပေးပါ" တဲ့၊ "သူ အလှူခံပေးပါ မယ်"တဲ့၊ "ဟာ ဒကာကြီး - ဘယ်လိုပြောလိုက်တာ လဲ၊ ဘုန်းကြီးတို့က တစ်သက်လုံး ဒီလို အလှူခံပြီး လုပ်တဲ့ဘုန်းကြီး မဟုတ်ဘူး" လို့၊ "မလုပ်ပါနဲ့" လို့၊ လောကမှာ အဲဒီလိုလူတွေကလည်း ရှိသေးတယ်၊ ကိုယ်လှူချင်ရင် ကိုယ့်ဖာသာလှူ သူများကို သွားပြီး အလှူခံတာမျိုးကို မလုပ်သင့်ဘူး။

## မုံရွာက ဒကာတစ်ယောက်

တစ်နေ့ကတင်ပဲ မုံရွာမှာ ဘုန်းကြီးတို့ တရား ပွဲသွားတယ်၊ တရားပွဲကျင်းပတဲ့ဒကာက "ဆရာတော် ရဲ့အတ္ထုပ္ပတ္တိရိုက်ပြီး ဝေပါရစေ" တဲ့၊ "အေး ဝေပေါ့" လို့ ဆိုတော့ စာမူကြမ်းလာပြတယ်၊ ဘာတွေပြတုန်း ဆို - ဘုန်းကြီးတို့ကို လှူထားတဲ့ ကျောင်းတိုက်ပေါ့၊ အသစ်တည်ထောင်တဲ့ ကျောင်းတိုက် ရှိတယ်၊ အဲဒီ ကျောင်းတိုက်မှာ ဘယ်အဆောက်အဦးတွေတော့

ပြီးပြီ၊ ဘယ်အဆောက်အဦးတွေတော့ ဆောက်ဖို့ လိုသေးတယ်လို့ သူက ထည့်ထားတယ်၊ "ဟာ ဘာ ဖြစ်လို့ ဒါတွေ ထည့်တာလဲ၊ မထည့်နဲ့၊ လူတွေက သိနေကြတာပဲ၊ သူလှူချင် သူ့ဟာသူ လာလှူလိမ့် မယ်၊ ဒါက အလှူခံတဲ့သဘောပဲ၊ လုံးဝမလုပ်ပါနဲ့" လို့ - ဘုန်းကြီးတို့က စောစောသိလို့ ပယ်ဖျက်ခိုင်း လိုက်ရတယ်။

**အလှူခံသူ အမုန်းခံရတတ်တယ်**

စေတနာသဒ္ဓါတရားပေါက်ရင် လူဆိုတာ ရှိ တာ အကုန်ထုတ်လှူတာ၊ သူများလာ အလှူခံလို့ ရှိရင် တစ်ကျပ်ငါးပြားပဲ ထည့်မှာပေါ့ - လူ့စိတ်ကို က ဒီလိုရှိတယ်၊ ကြည့်လေ - မြတ်စွာဘုရား ဆုံးမ ထားတာတွေ ရှိတယ် - "**ယာစကော အပ္ပိယော ဟောတိ**" တဲ့၊ "အလှူခံတဲ့သူဟာ အမုန်းခံရတယ်" တဲ့၊ ပြီးတော့ "**ယာစနံ ရောဒနံ အာဟု**" တဲ့၊ "အေး တောင်းတာဟာ ငိုတာပဲ" တဲ့၊ ဘာဖြစ်လို့ ငိုချင်ရ မှာလဲ၊ ဘာဖြစ်လို့ လူတကာရဲ့ အမုန်းခံရမှာလဲ။

ရှေးတုန်းက အမတ်ကြီးအိမ်ကို ကိုရင်လေး တစ်ပါး သွားပြီး အလှူခံတယ်တဲ့၊ အလှူခံတော့ အမတ်ကြီးက ပြောတယ်၊ "ကိုရင် - **'ယာစကော အပ္ပိယော ဟောတိ'** - တောင်းတတ်တဲ့ ပုဂ္ဂိုလ်ဟာ အမုန်းခံရတယ်ဆိုတာ မသိဘူးလား" လို့ ဆိုတော့ ကိုရင်ကလည်း အညံ့မခံဘူး၊ "ဒကာကြီး - **'ယာစံ အဒဒမပ္ပိယော'**- တောင်းလာတာကို မလှူရင်လည်း အမုန်းခံရတယ်ဆိုတာ ဒကာကြီးမသိဘူးလား" လို့ ပြန်ပြောသတဲ့။

အလှူခံတဲ့ပုဂ္ဂိုလ်ကို အလှူခံခြင်းကို ခံရတဲ့ ပုဂ္ဂိုလ်ကလည်း မုန်းတယ်၊ အလှူခံတာ မရလို့ ရှိရင် လည်း အလှူခံကလည်း မလှူတဲ့သူကို မုန်းတယ်၊ အဲဒါ တစ်ဦးနဲ့ တစ်ဦး အမုန်းပွားရုံပဲ ရှိတယ်၊ ဘာမှ အကျိုးမရှိဘူး၊ သဒ္ဓါတရားပေါက်လို့ သူ့ဖာသာ သူ လှူတာ- ဒီလိုပဲ ဖြစ်သင့်တယ်။

ဘုန်းကြီးတို့ မှတ်မှတ်ရရ ဒီအသက် ဒီအရွယ် ရောက်လာပြီ၊ ကိုယ့်ရဟန်းဒကာ ရဟန်းအမတောင် မှပဲ နှစ်ခါပဲ တောင်းဖူးတယ်၊ ဒါ ရဟန်းအမက မ

တောင်းဘူး, မတောင်းဘူးနဲ့- ခဏခဏပြောလို့ နှစ်ခါ တော့ တောင်းဖူးတယ်၊ ဘာလိုချင်တယ်ဆိုတာ ပြောဖူးတယ်။

မန္တလေးမှာ အင်မတန်စာတတ်တဲ့ ဆရာတော် ကြီးတစ်ပါးကို ကျောင်းဒကာ ကျောင်းအမက လျှောက်တယ်၊ "ဆရာတော် လိုတာရှိရင် အမိန့်ရှိပါ ဘုရား"၊ ဆရာတော်ကြီးက ဘာပြောတုန်းဆို "တို့ ကလေးမှ မဟုတ်တာ၊ ကလေးလို မုန့်တောင်းနေရ ဦးမှာလား၊ ကိုယ့်ဖာသာ ကြည့်လှူပေါ့" လို့ ပြော တယ်၊ "ဘာလိုတယ်ဆိုတာ ကိုယ့်ဖာသာ ကြည့်၊ လို တယ်ထင်တာ လှူ တို့က ဘာလိုတယ် ညာလိုတယ် ဆိုတာ ပြောစရာ မလိုဘူး" လို့ မိန့်ကြားတယ်။

ဘုန်းကြီးဆိုတာ "ဉာတိ ပဝါရိတ" ဖြစ်မှ တောင်းရတာ၊ ဆွေမျိုးဆိုရင် တောင်းကောင်းတယ်၊ "အလိုရှိရင် ဆရာတော် တပည့်တော်ဆီ အလှူခံပါ ဘုရား" လို့ ဖိတ်ကြားထားသူဆိုရင်လည်း တောင်း ကောင်းတယ်ပေါ့။

**စောင်းပါး ရိပ်ခြေ**

ဘုန်းကြီးဆိုတာ ဝိနည်းသိက္ခာပုဒ်အတိုင်း နေထိုင်မယ်ဆိုရင် ပစ္စည်းလေးပါးနဲ့ ပတ်သက်လာလို့ ရှိရင် 'ပရိကထာ' တဲ့, 'ဩဘာသ' တဲ့, 'နိမိတ္တ' တဲ့, 'ဝိညတ္တိ' တဲ့ - ၄-မျိုး ရှိတယ်။

ပစ္စည်းရလိုမှုကြောင့် စကားရိပ်ပြောတာ၊ ပရိယာယ်နဲ့ ပြောတာပေါ့၊ ရိပ်ပြီးတော့ ပြောတာပေါ့၊ ရိပ်တယ်ဆိုတာ စောင်းချိတ်ပြီး မရရအောင် ပြောတာပေါ့၊ အဲဒါ 'ပရိကထာ' 'ဩဘာသ' 'နိမိတ္တ' လို့ ခေါ်တယ်၊ တိုက်ရိုက်တောင်းတာ မဟုတ်ဘူး၊ စောင်းချိတ်ပြောတဲ့ ပုံဝတ္ထုလေးတောင် ရှိသေးတယ်၊ အဲဒါကို သာမန္တဇပ္ပ (နီးစပ်အောင်ပြောခြင်း) လို့ ဆိုတယ်။

**ပုံဝတ္ထုလေးတစ်ခု**

ဘုန်းကြီးတစ်ပါး - အိမ်ကြွကြွလာတတ်တဲ့ အလေ့ ရှိတယ်၊ အိမ်တစ်အိမ် ဝင်တယ်၊ ဆွမ်းစားချိန် ဝင်လာတဲ့အခါ ဆွမ်းလှူရမယ်၊ အိမ့်ရှင်ဒကာမကြီးက မလှူချင်ဘူး၊ မလှူချင်တော့ "ဒီကိုယ်တော်

ကလည်း ဆွမ်းချိန်ကြီး ကွလာတယ်” ဆိုပြီး ကြား အောင် ဒီလိုပြောတယ်. . . “အိုးထဲမှာ ဆန်မရှိဘူး” တဲ့၊ “ဆန်သွားချေးဦးမယ်” ဆိုပြီးတော့ အိမ်အပြင် ထွက်သွားတယ်။

ကိုယ်တော်ကလည်း မပြန်ဘူး၊ ဒကာမကြီးပြန် လာသည်အထိ အိမ်မှာ ရှိနေတယ်၊ ဒကာမကြီး အပြင်သွားတဲ့အချိန်မှာ သူက မီးဖိုချောင်ထဲ ဝင် ကြည့်လိုက်တယ်၊ ဆန်မရှိဘူးဆိုတာ တကယ်လား လို့၊ ဒကာမကြီးက “ဆန်လည်း ဘယ်သူမှ ချေးမယ့် သူ မရှိဘူး” တဲ့၊ “ကိုယ်တော်လည်း ဘာမှ ကပ်စရာ မရှိဘူး” လို့ ညီးညူပြောဆိုတယ်။

အဲဒီကိုယ်တော်က ဘာပြောတုန်းဆိုတော့ “ဒကာမကြီးရေ - ဘုန်းကြီး ဒီနေ့ ကံမကောင်းဘူး ဆိုတာ သိပါတယ်” တဲ့၊ “ဟောဒီအိမ်ကို လာတုန်း လမ်းမှာ မြွေကြီးတစ်ကောင်တွေ့ခဲ့တယ်၊ အဲဒီ ကတည်းက နိမိတ်မကောင်းဘူးလို့ အထင်သား”၊ “အဲဒီမြွေကြီးက ဟောဟိုအခန်းထောင့်မှာ ထောင် ထားတဲ့ ကြံချောင်းကြီးလောက်ရှိတယ်” တဲ့၊ “ဒါနဲ့

ပြောတာ မလုပ်ရဘူး၊ 'ဝိညတ္တိ' တောင်းတာ မလုပ်ရဘူး။

ကျောင်းကိုတော့ အရိပ်အယောင်ပြရင် ပြကောင်းတယ်တဲ့၊ ဆေးကိုတော့ တောင်းလည်းတောင်းကောင်းတယ်တဲ့၊ ဝိနည်းသိက္ခာပုဒ်တွေမှာ ဒီလို ရှိတယ်၊ ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီး လုပ်သင့် မလုပ်သင့် ဒီလိုပြထားတယ်။

အဲဒီတော့ တောင်းတာကို ဘုန်းကြီးတွေမှာ ခွင့်မပြုဘူး၊ အလှူခံဖို့ လျှောက်ထားဖိတ်ကြားထားတဲ့ ဒကာဒကာမ မဟုတ်လို့ရှိရင် တောင်းခံခွင့် မရှိဘူး၊ အဲဒီတော့ "ဘုန်းကြီးက တောင်းတာ မဟုတ်ပါဘူး၊ ဒကာဒကာမက သူ့ဖာသာ နှိုးဆော်တာပါ" ဆိုလို့ ရှိရင်လည်း အင်မတန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေက အဲဒီလိုလုပ်တာကို မကြိုက်ကြဘူး၊ ကိုယ့်အတွက် ဆွယ်တရားဟောတာကို လုံးဝမကြိုက်ဘူး။

## အတုယူဖွယ်ရာ ရှင်သာရိပုတ္တရာ

ရှင်သာရိပုတ္တရာမထေရ် နဲ့ ရှင်မောဂ္ဂလာန်မထေရ် တောရကျောင်းလေးမှာ သီတင်းသုံးတယ်၊ အဲဒီလို သီတင်းသုံးနေတဲ့အချိန်မှာ ရှင်သာရိပုတ္တရာ လေနာရောဂါ ဖြစ်တယ်ပေါ့၊ ဗိုက်နာတယ်၊ ရှင်မောဂ္ဂလာန်က "အရှင်ဘုရား- ဗိုက်နာတာ အရင်တုန်းက ဘာနဲ့ ပျောက်တုန်း" ဆိုတော့ "ပျားတို့ သကာတို့ ထောပတ်တို့နဲ့ ရောပြီးတော့ နွားနို့နဲ့ ကျိုချက်ထားတဲ့ အာဟာရမျိုး အိမ်မှာနေတုန်းက မယ်တော်ကြီးက လုပ်ကျွေးဖူးတယ်" တဲ့၊ "အဲဒါလေးနဲ့ ပျောက်ဖူးတယ်"တဲ့၊ ဒါ နှစ်ပါး စကားပြောနေတာ။

အဲဒီလို ပြောတာကို အနီးအနားမှာ ရှိနေတဲ့ နတ်က ကြားသွားတယ်၊ ရှင်သာရိပုတ္တရာကို ကိုးကွယ်တဲ့ ဒကာဒကာမအိမ်ကို သွားပြီးတော့ ကလေးတစ်ယောက်ကို ဝင်ပူးတယ်၊ နတ်ကတော်က မေးတဲ့ အခါမှာ သူက ဘာပြောလဲဆိုရင် "မနက်ကျ ရှင်သာရိပုတ္တရာကို အဲဒီအာဟာရမျိုး ကပ်လို့ရှိရင် သူ လွတ်မယ်ပေါ့" ဆိုတော့ အိမ်ရှင်တွေက ပြော

တာပေါ့၊ "တို့က ဒီရှင်သာရိပုတ္တရာရဲ့ ဒကာဒကာမ တွေပဲ၊ တို့ကပ်နေကျပဲ၊ ဘာမှ အပမ်းကြီးတဲ့ကိစ္စ မဟုတ်ဘူး" လို့ ပြောတယ်။

နောက်ရက်ကျတော့ ရှင်သာရိပုတ္တရာက မကျန်းမာလို့ ကျောင်းမှာပဲ နေရစ်တယ်၊ ရှင်မောဂ္ဂလာန်က ဆွမ်းခံရင်း အဲဒီအိမ်ကို ကြွသွား တယ်၊ အဲဒီအိမ်က ဒကာဒကာမတွေက အဆင်သင့် နတ်ပြောတဲ့အတိုင်း အကုန်လုပ်ထားတယ်၊ ရှင်မောဂ္ဂလာန်ကို ကပ်တယ်၊ ရှင်မောဂ္ဂလာန်က တော့ မစဉ်းစားဘူး၊ မစဉ်းစားရင် မသိဘူး၊ ကပ်တာ ဘုဉ်းပေးလိုက်တယ်ပေါ့၊ ရှင်သာရိပုတ္တရာအတွက် ဒကာဒကာမတွေက ထည့်ပေးလိုက်တယ်။

ကျောင်းရောက်တဲ့အခါ ရှင်သာရိပုတ္တရာက "ငါပြောတဲ့အတိုင်း ရနေပါလား၊ ဘယ်လို ရတာလဲ၊ သူ့ဖာသာ သဘာဝအတိုင်း ရတာလား" လို့ စဉ်းစား ကြည့်လိုက်တဲ့အခါ နတ်ရဲ့ပယောဂ ပါနေတာကို သိ ရတယ်၊ ရှင်သာရိပုတ္တရာက တစ်ခွန်းတည်းပဲ ပြော

တယ်- "ငါ့ရှင်မောဂ္ဂလာန်၊ ဒီအာဟာရ မစင်ကြယ်ဘူး၊ မစားထိုက်ဘူး" တဲ့။

"ဒီ နို့ဃနာထမင်းဟာ မစားထိုက်ဘူး, မစင်ကြယ်ဘူး" လို့ဆိုတော့ ရှင်မောဂ္ဂလာန်ကလည်း မစင်ကြယ်ဘူးဆိုတော့ ဘာဖြစ်လို့တုန်း ညာဖြစ်လို့တုန်းလို့ မေးမနေဘူး၊ သပိတ်ကို ယူပြီးတော့ ချက်ချင်းသွား သွန်ပစ်လိုက်တာပဲ၊ အဲဒီသပိတ်ထဲက နို့ဃနာတွေ သွန်ပစ်လိုက်တာနဲ့ တစ်ပြိုင်တည်း ရှင်သာရိပုတ္တရာရဲ့ စွဲကပ်နေတဲ့ လေနာရောဂါလည်း ပျောက်သွားတယ်တဲ့။

အဲဒီမှာ ရှင်သာရိပုတ္တရာက ပြောတယ် - "ဗိုက်နာလို့ ငါ့ရဲ့အူတွေ အပြင်ထွက်ချင် ထွက်သွားပါစေ၊ မအပ်စပ်တဲ့ပစ္စည်းကို ငါမသုံးဘူး။"

ဘုန်းကြီးတို့ အဲဒီလောက် မကျင့်နိုင်ရင်တောင်မှပဲ ဒီမထေရ်မြတ်ကြီး ကျင့်တာကို အတုယူအားကျကြရမှာ၊ ဒါကြောင့်မို့လို့ ဆွယ်တရားဟောလို့ ရလာတဲ့ဟာတွေဟာ ဘယ်အရာမှ ကောင်းတာ

မရှိဘူး၊ ဒါကြောင့်မို့ ဒါတွေလည်း သတိပြုဖို့ ကောင်းတယ်။

## နှစ်ဦးနှစ်ဝ အကျိုးရှိ

သူ့ဖာသူ သဒ္ဓါတရားအလျောက် ဖြစ်လာတဲ့ အရာမျိုးကို လက်ခံရင် "သူလည်း ကုသိုလ်ရတယ်၊ ကိုယ်လည်း ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ သုံးစွဲရတယ်"၊ **"ဓမ္မိယလဒ္ဓ"** လို့ ခေါ်တယ်၊ တရားသဖြင့် ရလာတာ၊ ဒါမျိုးက နှစ်ဦးနှစ်ဝအကျိုး ရှိတယ်၊ အဲဒါမျိုးသာ ဖြစ်သင့်တယ်။

စာပေကို လေ့လာကြည့်မယ်ဆိုရင် ဒီအချက်အလက်တွေ စာပေကျမ်းဂန်ထဲမှာ တွေ့ရမယ်၊ ဒီအချက်ဟာ တရားပွဲကျင်းပတဲ့ ပုဂ္ဂိုလ်တွေလည်း သတိထားသင့်တဲ့ အချက်တစ်ခုပဲ။

ကောင်းပြီ - တရားပွဲကျင်းပတယ်ဆိုကတည်းက ဓမ္မပူဇာလှူတဲ့ပုဂ္ဂိုလ် ရှိပြီးသားပဲ၊ တရားနာလာတဲ့ပုဂ္ဂိုလ်တွေက လှူချင်တယ်ဆိုရင် သူ့ဖာသာ လှူ

ပါစေ၊ မလှူဘူးဆိုရင်လည်း တရားပွဲလာတာ မျက်နှာ မငယ်ပါစေနဲ့။

ဘုန်းကြီးတို့က တွေးမိတယ် - "တရားနာရတာ ပိုက်ဆံပေးပြီး နာရသလိုများ ဖြစ်နေပြီလား" လို့၊ "တရားကလည်း တို့တရား မဟုတ်ဘူး၊ ဘုရားရဲ့ တရား၊ ဘုရားတရားကို ရောင်းမစားထိုက်ဘူး"။

ဒါကြောင့်မို့ ဘုန်းကြီးတို့က ပြောထားတယ်၊ ဘုန်းကြီးတို့ တရားပွဲမှာ လာပြီး စာအုပ်ရောင်းတာတို့ CD ရောင်းတာတို့ မလုပ်ပါနဲ့လို့ ပြောထားတယ်၊ ဘာဖြစ်လို့ မလုပ်နဲ့လို့ ပြောထားသလဲဆိုရင် ဘုန်းကြီးတို့ ရောင်းတယ်လို့ ထင်မှာစိုးလို့ အထင် မခံနိုင်တာဘဲ၊ ဒါတွေဟာ ကိုယ်နဲ့ လုံးဝမပတ်သက် စေချင်ဘူး။

ဒါကြောင့်မို့လို့ တရားပွဲကျင်းတာ ကုသိုလ် စစ်စစ် ရပြီးတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ တရားနာကြရဖို့ - ဒါ က အဓိကကျပါတယ်။

## တရားပွဲကျင်းပတာ ကုသိုလ်ရ

တရားပွဲကျင်းပတယ် ဆိုတာ အင်မတန်မှ ကုသိုလ်ရတယ်၊ **"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"**၊ တရားနာခွင့်ရအောင် ဖန်တီးပြီး လုပ်ဆောင်ပေးတယ်ဆိုတာ အင်မတန်ကောင်းတဲ့ ကုသိုလ်တစ်ခုပဲ၊ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ကို လုပ်ရာမှာ လုပ်ပုံလုပ်နည်း မဟန်သည့်အတွက်ကြောင့် အပြစ်တွေ ဖြစ်လာတယ်ဆိုရင် မကောင်းဘူးပေါ့၊ ဒီတော့ "သန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်ဖို့ အင်မတန်အရေးကြီးတယ်လို့" - သတိရှိသင့်ပါတယ်၊ တရားဟောတဲ့ ပုဂ္ဂိုလ်ကလည်း စိတ်ထားဖြူစင်ရမယ်, တရားနာတဲ့ပုဂ္ဂိုလ်ကလည်း စိတ်ထားဖြူစင်ရမယ်။

## ဥဒါယီသုတ်

မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ **ဥဒါယီသုတ်**ဆိုတာ ရှိတယ်၊ တစ်နေ့တော့ ရှင်ဥဒါယီဆိုတဲ့ မထေရ်ကြီးက မြို့ထဲမှာ ပရိသတ်များစွာရဲ့ အလယ်မှာ တရားဟောနေတယ်၊ ရှင်အာနန္ဒက ရှင်ဥဒါယီ

တရားဟောနေတာကို တွေ့ခဲ့ရလို့ မြတ်စွာဘုရားကို လျှောက်တယ်၊ "အရှင်ဘုရား - ဥဒါယီကိုယ်တော်ကြီး တရားဟောနေတာ တွေ့ခဲ့ရတယ်ဘုရား" တဲ့၊ မြတ်စွာဘုရားက ဥဒါယီရဲ့စိတ်ထား မဖြူစင်လို့နဲ့တူတယ်၊ ကြိုက်ပုံ မရဘူး၊ တကယ်ဆို ဘုရားကိုယ်တိုင်က တရားဟောဖို့ တိုက်တွန်းတာပဲ၊ ဥဒါယီဟာ တရားဟော ခမ္မကထိက ဆိုပေမယ့် စိတ်ထားဖြူစင်ပုံ မရဘူး။

အဲဒါကြောင့်မို့ ဘယ်လို အမိန့်ရှိတုန်းဆို - "အာနန္ဒ - သူများကို တရားဟောဖို့ ဆိုတာ လွယ်တယ်လို့ မအောက်မေ့လေနဲ့" တဲ့၊ "တရားဟောတဲ့ ပုဂ္ဂိုလ်ဆိုတာ နှလုံးသွင်းမှန်ကန်ဖို့ လိုအပ်တယ်၊ နှလုံးသွင်းရမယ့် အချက် ၅-ချက် ရှိတယ်" တဲ့၊ "မှန်ကန်တဲ့ နှလုံးသွင်းနဲ့ တရားဟောရမယ်"။

**ပထမအချက်က** ဘာတုန်းဆိုရင် ကိုယ်ဟောတဲ့တရားကို ဟောစဉ်မပျက် ဟောမယ်ဆိုတဲ့ နှလုံးသွင်း ရှိရမယ်၊ တောင်ရောက် မြောက်ရောက်တွေ လျှောက်မပြောရဘူးလို့ - ဒီလိုပြောတာ၊ "**အနု-**

ပုဗ္ဗိကထာ” ဆိုတာ ရှိတယ်၊ မြတ်စွာဘုရားတရား ဟောရင် ပထမ ဒါနအကြောင်း ဟောတယ်၊ ဒါနပြီး ရင် သီလကို ဟောတယ်၊ သီလပြီးရင် ‘သဂ္ဂ’ နတ်ပြည်အကြောင်း ဟောတယ်၊ နတ်ပြည်အကြောင်းပြီး ရင် ကာမဂုဏ်အာရုံတွေရဲ့ အပြစ်အနာအဆာကို ဟောတယ်၊ ပြီးတဲ့အခါ **“နိက္ခမ္မ အာနိသံသ”** ကာမဂုဏ်စွန့်လွှတ်မှုရဲ့ အကျိုးကျေးဇူးကို ဟောတယ်၊ ပြီး တော့မှ စိတ်အခြေအနေတွေ တိုးတက်လာတဲ့အခါ သစ္စာလေးပါးတရားကို ဟောတယ်၊ အဲဒီလို ဟောစဉ်အတိုင်း ဟောတာ၊ သို့မဟုတ် အကြောင်းအရာ တစ်ခုကို ခေါင်းစဉ်တပ်လိုက်တယ်၊ အဲဒီခေါင်းစဉ် တပ်ထားတာကိုပဲ စီကာ စဉ်ကာ ဟောရမယ်တဲ့။

တရားဟောတယ်ဆိုတာ တောင်ရောက် မြောက်ရောက် ဟိုရောက်သွားလိုက် ဒီရောက်သွား လိုက် ဘာမှတ်ရမှန်း မသိအောင် မဟောရဘူးတဲ့၊ ဒီလို ဆိုလိုတယ်။

နောက်တစ်ခုက **“ပရိယာယဒဿာဝီ”** တဲ့၊ ကိုယ်ဟောတဲ့ အကြောင်းအရာတစ်ခုကို ခိုင်လုံတဲ့

အကြောင်းပြချက်တွေ ပါရှိရမယ်၊ ပြောချင်တာတွေ လျှောက်ပြော, မဟုတ်တာတွေ မဖြစ်စေရဘူးတဲ့၊ ခိုင်မာတဲ့အကြောင်းတရားတွေကို ပြနိုင်ရမယ်၊ ဒါ **ဒုတိယအချက်**။

**တတိယအချက်က "အနုဒ္ဒယံ ပဋိစ္စ"** "တရားခမ္မတွေ သိကြပါစေ၊ တရားထူးတရားမြတ်တွေ ရကြပါစေ၊ အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတက်ကြပါစေ" လို့ တရားနာတဲ့ ပုဂ္ဂိုလ်တွေရဲ့အကျိုးစီးပွားကို လိုလားခြင်း, သနားခြင်း စိတ်ထားကို အကြောင်းပြုပြီးတော့ ဟောရမယ်တဲ့။

**နောက်စတုတ္ထက** ဘာတုန်းဆို - "**န အာမိသန္တရော ကထံ ကထေဿာမိ**"၊ ဆိုလိုတာက လာဘ်လာဘကို မျှော်ကိုးတဲ့စိတ်ထားနဲ့ တရားမဟောရဘူးတဲ့၊ တရားဟောရင် ပစ္စည်းတွေ လာဘ်လာဘတွေ ရတယ်၊ လာဘ်လာဘကို မျှော်ကိုးပြီး ခမ္မပူဇာကို မျှော်ကိုးပြီး တရားမဟောရဘူးတဲ့၊ စိတ်ထဲမှာ အဲဒါမျိုး မထားဘဲ ဟောနိုင်မှ တရားဟောသင့်တယ်ပေါ့။

နောက်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် “အတ္တာ -နုက္ကံ ပရုက္ကံ အနုပဟစ္စ ကထံ ကထေသ္သာမိ”၊ ဘယ်သူ့ကိုမှ ထိပါးပုတ်ခတ်တာ မလုပ်ဘူး၊ မိမိကိုယ်ကိုလည်း ထိပါးမှု မလုပ်ဘူး၊ (မိမိကိုယ်ကို ထိပါးတယ်ဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို နှိမ်ချပြောတာ)၊ ကိုယ့်ကိုယ်ကိုတော့ မြှောက်ပင့်ပြီး သူတစ်ပါးကို နှိမ်ချတာမျိုး, ပုတ်ခတ်တဲ့အနေမျိုးလည်း မဟောရဘူးတဲ့။

စိတ်ထားမှန်ကန်စွာနဲ့ တရားဟောရင် ဟောသူဘက်က စိတ်ထားဖြူတယ်လို့ ပြောရမယ်၊ သူဟောတဲ့ တရားဟာ စင်ကြယ်တဲ့တရားလို့ ဥဒါယီသုတ္တန်မှာ မြတ်စွာဘုရားက ဒီအချက် ၅-ချက်ကို ဟောတော်မူတယ်၊ ဒီနည်းလုံးသွင်းမှန်ကန်မှု ရှိရမယ်။

ဒေသနာအစဉ်အတိုင်း ဟောမယ်၊ အကြောင်းပြချက်ခိုင်လုံစွာ ဟောမယ်၊ သနားကရုဏာကို ရှေးရှုပြီးတော့ ဟောမယ်၊ လာဘ်လာဘကို မျှော်ကိုးတဲ့အနေနဲ့ မဟောရဘူး၊ လာဘ်လာဘကို မျှော်ကိုးတဲ့စိတ်နဲ့ မဟောရဘူး၊ မိမိကိုယ်ကိုမြှောက် ဝါကြွားပြီး

သူတစ်ပါးကို နှိမ့်ချအပြစ်ဆိုပြီးတော့ မဟောရဘူး တဲ့။

အဲဒီလို နှလုံးသွင်းမှန်ကန်တဲ့ပုဂ္ဂိုလ်မှ စိတ်ထား ဖြူစင်မှ သူတစ်ပါးကို တရားဟောသင့်တယ်တဲ့၊ အဲ ဒါမျိုး မဟုတ်ရင် မဟောသင့်ဘူးလို့ မြတ်စွာဘုရား က ဟောတယ်၊ တရားဟောတာဆိုပေမယ့် ဒီလို အခြေအနေမျိုးတွေနဲ့ ပြည့်စုံမှ ဟောသင့်တယ်။

## ကဿပသံယုတ်

နောက် **ကဿပသံယုတ်**မှာ မြတ်စွာဘုရား ဟောထားတာ ရှိသေးတယ်၊ သတိပေးထားတာ ရှိ တယ်၊ ရှင်မဟာကဿပကို စံနမူနာထားပြီး မြတ်စွာ ဘုရားက ဟောတယ်၊ တရားဟောပုဂ္ဂိုလ်တိုင်းဟာ မှန်ကန်တဲ့စိတ်ဓာတ်နဲ့ ဖြူစင်တဲ့စိတ်ဓာတ်နဲ့ တရား ဟောရမယ်၊ ညစ်နွမ်းတဲ့စိတ်ဓာတ်တွေ မရှိစေရဘူး။

အဲဒီလိုဖြူစင်တဲ့စိတ်ဓာတ်ဆိုတာ ဘာလဲဆိုလို့ ရှိရင် တရားရဲ့ကောင်းမြတ်တဲ့ ဓမ္မဂုဏ်ကို အာရုံပြု ပြီး ဟောသင့်တယ်၊ "**သွာက္ခာတော ဘဂဝတာ**

**ဓမ္မော"** မြတ်စွာဘုရားဟောတဲ့ တရားက မှန်တယ်၊ မှန်တဲ့တရားကို **"သန္ဒိဋ္ဌိကော"** လူတိုင်းလူတိုင်း ကိုယ်တိုင်ကျင့် ကိုယ်တိုင်သိနိုင်တယ်။

**"အကာလိကော"** အခုလုပ် အခုအကျိုး ရတယ်၊ **"ဧဟိပဿိကော"** ကိုယ့်မိတ်ဆွေတွေကို ဖိတ်ခေါ်ပြီး လာစမ်းပါ၊ ကြည့်စမ်းပါ၊ နာစမ်းပါလို့ ပြောထိုက်တဲ့တရား။

**"ဩပနေယျိကော"** အခုတရား နှလုံးသွင်းရင် အခုပဲ စိတ်ဟာ ငြိမ်းအေးသွားတာ ဖြစ်လို့ ချက်ချင်း နှလုံးသွင်းသင့်တယ်။

**"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အသီးသီး ခံစားသိရှိနိုင်တယ်တဲ့။

အဲဒီလို တရားရဲ့ဂုဏ်ရည်နဲ့ ကိုက်ညီအောင် တရားရဲ့ ဂုဏ်ရှိမှု, ဒီပြည့်စုံတဲ့ ဂုဏ်အရည်အချင်းတွေကို ထုတ်ဖော်ပြီး တရားနဲ့အညီ ဟောသင့်တယ်တဲ့။

အဲဒီလို ဟောပြောတဲ့အခါမှာ မှန်ကန်တဲ့စိတ်ထားကို ဘယ်လိုထားရမလဲဆိုလို့ရှိရင် "ငါဟောတဲ့တရားကို တရားနာပရိသတ် နာခွင့်ရကြပါစေ" ဒီစိတ် ရှိရမယ်၊ ငါဟောတဲ့တရား နာကြပါစေ။

ဘာဖြစ်လို့ ဒီလိုစိတ်ထား ထားရမလဲဆိုတော့ - **"အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ"** တရားဆိုတာ မနာရရင် ဆုံးရှုံးနစ်နာမှု ဖြစ်တတ်တယ်၊ ဒါကြောင့်မို့ ဆုံးရှုံးမှု မဖြစ်ရအောင် ဟောရတာ၊ **"ဓမ္မဿ အညတာရော ဘဝိဿန္တိ"** တရားနားလည်နိုင်သူတွေ ရှိနိုင်တယ်၊ တရားနားလည်ရင် စိတ်ဓာတ် ခိုင်မာသွားနိုင်တယ်၊ ငြိမ်းချမ်းသွားနိုင်တယ်၊ တရားမနာရလို့ရှိရင် ဓမ္မအသိ ဆုံးရှုံးသွားနိုင်တယ်။

ဒါကြောင့်မို့ "ငါဟောတဲ့တရားကို အားလုံးနာနိုင်ကြပါစေ"- အဲဒီလိုစိတ် ထားပါတဲ့၊ နောက်ဆက်ပြီး စိတ်ထားရမှာ "ငါဟောတဲ့တရားကို နာပြီးတဲ့အခါမှာ တရားရဲ့အနှစ်သာရကို သိရှိကြပါစေ၊ ဓမ္မအသိတွေ ရရှိကြပါစေ" လို့ စိတ်ထားရမယ်တဲ့။

"ဓမ္မအသိတွေ သိရှိပြီးတဲ့အခါမှာ အဲဒီဓမ္မနဲ့ လျော်စွာ နေ့စဉ်နှင့်အမျှ ကျင့်သုံးနေထိုင်နိုင်ကြပါစေ"၊ တရားဆိုတာ way of life ပဲ၊ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ လူ့လောကမှာ လူတွေ နေကြ ထိုင်ကြတဲ့ အခါမှာ တရားဓမ္မနဲ့ ဘယ်လိုနေရတယ်ဆိုတာ သိရမယ်၊ တရားအသိ ရှိလာတဲ့ပုဂ္ဂိုလ်ဟာ နေရ ထိုင်ရတာကအစ အင်မတန်ချမ်းသာတယ်၊ ဒါကြောင့်မို့ "တရားအတိုင်း လိုက်နာကျင့်သုံးပြီး နေထိုင်နိုင်ကြပါစေ" ဆိုတဲ့ မွန်မြတ်တဲ့စိတ်ထားတွေနဲ့ ဟောပါလို့ **ကဿပသံယုတ်**မှာ မြတ်စွာဘုရားက ဒီလိုဆုံးမထားတယ်။

ဒါတွေကို ဘုန်းကြီးတို့က လိုက်နာဖို့ ကြိုးစားရမယ်၊ ဒါက တရားဟောတဲ့ ပုဂ္ဂိုလ်တွေဘက်က လိုက်နာရမယ့် အချက်တွေကို ပြောတာ၊ ဘုန်းကြီးတို့ ဒီအချက်တွေကို လိုက်နာနိုင်အောင် ကြိုးစားရမယ်၊ မလိုက်နာရင် တရားမဟောသင့်ဘူး၊ ဒါကဟောသူဘက်က စိတ်ထားဖြူပုံကို ပြောတာ၊ ဒီလို

စိတ်မျိုး မထားဘူးဆိုရင် ဟောသူဘက်က စိတ်ထား မဖြူဘူးလို့ ပြောရမယ်။

**တရားနာခြင်း၏ အကျိုးကျေးဇူးများ**

တရားဆိုတာ နာရတယ်၊ တရားနာလို့ရှိရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲ? တရားပွဲလာပြီး တရားနာတယ်ဆိုရင် ချက်ချင်းလက်ငင်း အကျိုးတွေ ရတယ်၊ ဘာတွေရသလဲ?

**"အသုတံ သုဏာတိ"** မကြားဖူးတာတွေ ကြားရတယ်၊ **"သုတံ ပရိယောဒပေတိ"** အရင်တုန်းက ကြားဖူးတယ်၊ စိတ်ထဲမှာ မရှင်းဘူး၊ အခု တစ်ခါနာလိုက်ရတော့ စိတ်ထဲမှာ ရှင်းသွားတယ်၊ နားလည်သွားတယ်။

မကြားဖူးတာတွေ ကြားရတယ်၊ ကြားဖူးတာတွေလည်း ရှင်းသွားတယ်၊ ကြားဖူးတာတွေ ရှင်းသွားတဲ့အခါ ဘာဖြစ်တုန်းဆို သံသယတွေလည်း ကင်းသွားတယ်၊ သံသယတွေ ကင်းရုံတင် မကဘူး,

မှန်မှန်ကန်ကန် မြင်တတ်လာတယ်၊ ဘဝအပေါ်မှာ အမြင်မှန်လာတယ်၊ ဒီလို ဆိုလိုတယ်။

နောက်ပြီး တရားနာရလို့ စိတ်တွေဟာ ကြည်နူးလာတယ်တဲ့၊ ဒါတရားနာတဲ့ပုဂ္ဂိုလ် ရနိုင်တဲ့အကျိုးကျေးဇူးပဲလို့ ဒီလိုဆိုလိုတာနော်၊ အဲဒါက တရားနာတဲ့ပုဂ္ဂိုလ်ဘက်က နေပြီးတော့ ဟုတ်လား၊ ဒါ ရနိုင်တဲ့အကျိုး၊ ဒါကြောင့်မို့ တရားဆိုတာ ဟောပြောပေးရတယ်။

**တရားနာသူ စိတ်ထားဖြူ**

ဒါဖြင့် တရားနာသူတွေဘက်က စိတ်ထားဖြူစင်အောင် ဘယ်လိုနာရမလဲ? တရားနာတဲ့ပုဂ္ဂိုလ်တွေဘက်ကလည်း စိတ်ထားဖြူစင်ဖို့ လိုအပ်တယ်တဲ့၊ အကျိုးရှိအောင် တရားနာတတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရမယ်၊ အကျိုးရှိအောင် တရားနာတတ်တယ်ဆိုတာ ဘာလဲဆိုရင် ဒီအချက်တွေကို သတိထားရမယ်၊ တရားစကားနဲ့ ပတ်သက်ပြီး တရားစကားအပေါ်မှာ အပြစ်ရှာ ရှုတ်ချတာမျိုး မလုပ်ရဘူးတဲ့၊

နောက်တစ်ခုက တရားဟောပြောတဲ့ ဓမ္မကထိက ပုဂ္ဂိုလ်ကိုလည်း ရှုတ်ချတာမျိုး မလုပ်ရဘူးတဲ့၊ နောက်တစ်ခု ကိုယ့်ကိုယ်ကိုလည်း ရှုတ်ချတာမျိုး မလုပ်ရဘူးတဲ့။

ဒါဖြင့် တရားကို ရှုတ်ချတယ်ဆိုတာ ဘာလဲ ဆိုရင် "ဒီတရားကလည်း ဘယ်လိုတရားကြီးမှန်း မသိဘူး၊ ဘာနားလည်ရမှန်း မသိဘူး" ဆိုတာ တရားကို ရှုတ်ချတာလို့ ခေါ်တယ်။

ဓမ္မကထိကကို ရှုတ်ချတယ်ဆိုတာ "ဘာတွေ ဟောနေမှန်းလည်း မသိဘူး၊ ဘာတွေ ပြောနေမှန်း လည်း မသိဘူး" ဆိုတာ ရှုတ်ချတာ။

ကိုယ့်ကိုယ်ကို ရှုတ်ချတယ်ဆိုတာ ဘာပြော တာတုန်းဆိုရင် "အေး- ဒီလိုလေးနက်တဲ့ တရားကြီး တွေ ငါ ဘယ်လိုနားလည်နိုင်မတုန်း"၊ နားမလည် ဘူး၊ ကိုယ့်ကိုယ်ကို ဒီတရားနဲ့ မတန်ဘူးလို့ ဒီလို ကိုယ့်ကိုယ်ကို အထင်သေး အမြင်သေးလည်း မလုပ် ရဘူး၊ ဒီလို ဆိုလိုတယ်။

တရားနာတဲ့ ပုဂ္ဂိုလ်ဘက်က အဲဒီလိုစိတ်ထား မျိုးတွေ မရှိရဘူးလို့ ပြောတာ၊ အဲဒီစိတ်ထားတွေ ရှိပြီးတော့ တရားနာမယ်ဆိုရင် တရားထူးတရား မြတ် မရနိုင်ဘူးလို့ ဘုရားက ဟောထားတာ၊ အဲဒါ ကြောင့်မို့ အဲဒီလိုစိတ်ထားမျိုးတွေ မရှိစေရဘူးတဲ့။

နောက်တစ်ခုက တရားနာပြီ ဆိုလို့ရှိရင် ဟို တွေး ဒီတွေးတွေ လျှောက်တွေးမနေရဘူး၊ တရားထဲ မှာ အာရုံစိုက်ပြီး နာရမယ်တဲ့၊ **"ဝိက္ခိတ္တစိတ္တ"** စိတ် တွေက ဟိုရောက်ဒီရောက်နဲ့ စိတ်မငြိမ်ဘဲ တရား နာတာမျိုး မလုပ်ရဘူး၊ စိတ်အာရုံဟာ တရားထဲမှာ စိုက်ထားပြီး တရားနာရမယ်လို့ ဒီလိုဟောတယ်၊ နောက်တစ်ခုက ဟောထားတဲ့တရားအပေါ်မှာ မှန် ကန်တဲ့နှလုံးသွင်းတရား ရှိရမယ်တဲ့။

ဒီအချက်တွေနဲ့ ပြည့်စုံမှ တရားနာရင်းက နေ ပြီး တရားထူးတရားမြတ်တွေ ရနိုင်တယ်၊ တရားထူး တရားမြတ် မရရင်တောင် အသိဉာဏ်တွေ ရနိုင် တယ်လို့ ဒီလို ပြောတာ။

အဲဒါနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက **သမ္မတ္တနိယာမသုတ်**မှာ (အင်္ဂုတ္တိုရ်) ဟောထားတာ၊ ဒါက တရားနာသူတွေ မှတ်သားဖို့ အချက်တွေပေါ့၊ တရားစကားကို မရှုတ်ချရဘူး၊ တရားဟော ဓမ္မ-ကထိကကို မရှုတ်ချရဘူး၊ အပြစ် မတင်ရဘူး၊ မိမိကိုယ်ကို မရှုတ်ချရဘူး၊ အပြစ် မတင်ရဘူး၊ စိတ်ပျံ့လွင့်ပြီး မနေရဘူး၊ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ တရားနာရမယ်၊ မှန်ကန်တဲ့နှလုံးသွင်း ရှိရမယ်၊ မှန်ကန်တဲ့နှလုံးသွင်းဆိုတာ တရားပေါ်မှာ နှလုံးသွင်းတတ်ဖို့ပေါ့၊ ကိုယ့်သန္တာန် အသိဉာဏ် ထင်ဟပ်ပြီးတော့ ဒီအတိုင်း ဟုတ်နေတာပါလား, ဟုတ်နေတာပါလားလို့ မှန်ကန်တဲ့ နှလုံးသွင်းရှိဖို့ လိုအပ်တယ်၊

**နောက်သုတ်တစ်သုတ်** မှာ ဘာကို ထပ်တိုးထားတုန်းဆိုရင် တရားနာတဲ့ပုဂ္ဂိုလ်ဟာ ထိုက်သင့်သလို အသိပညာရှိဖို့ လိုအပ်တယ်တဲ့၊ ထိုင်းမှိုင်းတဲ့ အတဲ့ နတဲ့ ပုဂ္ဂိုလ်၊ ဗူးလုံး နားမထွင်းလို ပုဂ္ဂိုလ်မျိုး မဖြစ်သင့်ဘူးတဲ့၊ အသိပညာရှိတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ စဉ်းစားတတ်ရမယ်လို့ ဆိုတယ်၊ ကောင်းတယ် ဆိုး

တယ်, အကြောင်းအကျိုး ညီညွတ်တယ် မညီညွတ်ဘူးဆိုတဲ့ စဉ်းစားတဲ့ အသိဉာဏ်မျိုး ရှိရမယ်လို့ ဒီလိုဆိုတယ်။

နောက်တစ်ခု အရေးကြီးတာ ဘာတုန်းဆိုရင် ကိုယ်မသိတာကို သိချင်ယောင် မဆောင်ရဘူးတဲ့၊ မသိရင် မသိဘူး, သိရင် သိတယ်၊ တချို့က ကိုယ်မသိပေမယ့်လို့ "ငါ သိပြီးသားပါ" ဆိုပြီး လုပ်တတ်တယ်လေ၊ အထင်ရောက်တတ်တယ်၊ ဒါတွေ ငါ သိဖူးတာပဲ, ငါကြားဖူးတာပဲ, ငါမှတ်ထားဖူးတာပဲ, ငါ အကုန် သိပြီးသားပဲတွေ ဆိုပြီး အာရုံမထားကြဘူး၊ အဲဒီလိုမျိုးလည်း မရှိရဘူးတဲ့၊ အဲဒါတွေ ရှိမယ်ဆိုရင် စိတ်ထားဖြူစင်မှု မရှိဘူးလို့ ပြောတာ။

နောက်သုတ္တန်တစ်ခုမှာ ဘာတွေ ထည့်ပြီး မြတ်စွာဘုရားဟောတုန်းဆိုရင် တရားနာတဲ့အခါမှာ ဂုဏ်အရည်အချင်းတွေကို ကျေးဇူးတရားတွေကို ကျေးဇူးကန်းတဲ့အနေမျိုး မဖြစ်စေရဘူး၊ ဘယ်နေရာပဲ ဖြစ်ဖြစ် ဝေဖန်ပြစ်တင်တာမျိုး မလုပ်ရဘူး၊ စကားနဲ့ ဝေဖန်ပြစ်တင်မှုမျိုးကို 'မက္ခ' လို့ ခေါ်တာပေါ့။

'မက္ခ' ဆိုတာ ဂုဏ်ကျေးဇူးကို ချေဖျက်တယ်၊ "ဒါ တွေက ငါသိပြီးသားတွေပါ၊ ဒါတွေက အပေါ်စား တွေပါ၊ ဒါတွေ လူတိုင်းသိနေတာပါ" နဲ့ ဒီလိုပြော တာမျိုးဟာ ဂုဏ်ကျေးဇူးကို သေးသိမ်စေတာဖြစ်လို့ 'မက္ခ'လို့ ခေါ်တယ်၊ တရားဆိုတာ သိပြီးသားလည်း ထပ်ပြီးတော့ ရိုရိုသေသေပဲ နားထောင်ရတယ်၊ ဒီလို ဆိုတာ။

နောက်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် အပြစ် ရှာပြီးတော့ တရားနာတာတဲ့၊ တရားနာတဲ့အခါမှာ ဘယ်စကားလုံးကဖြင့် မှားတယ်၊ ဘယ်ဟာကဖြင့် မမှန်ဘူး၊ ကိုယ်သိထားတာနဲ့ ဒါနဲ့ လွဲနေတယ်လို့ - အဲဒီလို အပြစ်ရှာတဲ့ စိတ်ထားမျိုးနဲ့ တရားမနာရဘူး တဲ့။

နောက်တစ်ခုကတော့ ဓမ္မကထိကအပေါ်မှာ ဒေါသဖြစ်တဲ့ စိတ်ဓာတ်မျိုး မရှိရဘူး၊ တိုက်ခိုက်လို တဲ့ စိတ်မျိုး မရှိရဘူး၊ အပြစ်တင်လိုတဲ့ စိတ်ဓာတ်မျိုး မရှိရဘူးတဲ့၊ အဲဒီလို မြတ်စွာဘုရားက တရားနာတဲ့

အခါမှာတဲ့ အဲဒီလိုအချက်တွေနဲ့ ညီညွတ်ဖို့ လိုအပ်ပါတယ်တဲ့။

အဲဒါမှ တရားနာတဲ့ပုဂ္ဂိုလ်ဟာ စိတ်ထားဖြူစင်တဲ့ပုဂ္ဂိုလ် ဖြစ်ပြီး တရားနာရင်းနဲ့ အသိဉာဏ်တွေ ရပြီး နောက်ဆုံး မဂ်ဖိုလ်ထိအောင် ရနိုင်တယ်လို့ မြတ်စွာဘုရားက ဒီသုတ္တန်တွေမှာ ဒီလို ဟောတယ်။

### ဒုက္ကထာသုတ်

ပြီးတော့ တရားနာပုဂ္ဂိုလ်ကို ကြည့်ပြီး တရားဟောသင့်တယ်၊ စကားတိုင်းဟာ စကားကောင်းမဖြစ်ဘူး၊ ပြောတဲ့စကားတိုင်းဟာ အကောင်းဖြစ်ပေမယ့်လို့ အကောင်းမဖြစ်တာတွေ ရှိတယ်၊ ပုဂ္ဂိုလ်နဲ့လိုက်လျောညီထွေမှ အကောင်းဖြစ်နိုင်တယ်၊ ဆိုပါစို့ - သဒ္ဓါတရားမရှိတဲ့သူကို သဒ္ဓါတရားအကြောင်းသွားဟောပြောလို့ရှိရင် စကားအကောင်း မဖြစ်ဘူးတဲ့၊ ဘာဖြစ်လို့တုန်းဆိုတော့ သူက သဒ္ဓါတရားမှ မရှိတာ၊ သဒ္ဓါအကြောင်းပြောရင် သူက စိတ်တိုတယ်၊ ဘာတွေလာပြောနေတာလဲ ဆိုပြီး စိတ်ဆိုးတယ်၊ အဲ

ဒါကြောင့်မို့လို့ သဒ္ဓါတရား မရှိတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရားအကြောင်းဟောရင် စကားအကောင်း မဖြစ်ဘူးတဲ့၊ သဒ္ဓါတရား ရှိတဲ့ပုဂ္ဂိုလ်ကျမှ စကားကောင်း ဖြစ်တယ်။

ထို့အတူပဲ သီလမရှိတဲ့ပုဂ္ဂိုလ်ကို သီလအကြောင်း သွားပြောရင် စိတ်တိုတယ်၊ သီလအကြောင်း သွားပြောရင် စကားကောင်း မဖြစ်ဘူး၊ အောင်မြင်တဲ့စကား မဖြစ်ဘူး၊ သီလရှိတဲ့ပုဂ္ဂိုလ်ကိုမှ သီလအကြောင်း ပြောရမယ်၊ ဒါမှ စကားကောင်း ဖြစ်တယ်၊

နောက်တစ်ခုကတော့ ဗဟုသုတလိုက်စားတဲ့ ပုဂ္ဂိုလ်ကျမှ သုတနဲ့ပတ်သက်တဲ့စကာမျိုးဟာ စကားကောင်း ဖြစ်တယ်၊ ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်, သုတကို မလိုလားတဲ့ပုဂ္ဂိုလ်ကို သွားပြောလို့ရှိရင် အဲဒီပုဂ္ဂိုလ်က စိတ်တိုတယ်၊ ဒေါသထွက်တယ်၊ စကားကောင်း မဖြစ်ဘူးတဲ့။

နောက်တစ်ခု ပညာရှိတဲ့ပုဂ္ဂိုလ်မှ ပညာနဲ့ ပတ်သက်တဲ့ စကားပြောလို့ ရတယ်၊ စကားကောင်း

ဖြစ်တယ်၊ ပညာမရှိတဲ့ပုဂ္ဂိုလ်ကို ပညာအကြောင်း သွားပြောရင် စိတ်ဆိုးတယ်တဲ့၊ စကားကောင်း ဖြစ် မလာဘူး၊ မအောင်မြင်ဘူးလို့ ဒီလို ပြောတာ။

ဒီတော့ တရားနာပုဂ္ဂိုလ်ဆိုတာကလည်းပဲ သဒ္ဓါမဲ့တဲ့ပုဂ္ဂိုလ် ရှိတယ်၊ သီလမရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ဗဟုသုတ မရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ စွန့်ကြဲမှုစာဂ မရှိတဲ့ ပုဂ္ဂိုလ် ရှိတယ်၊ ပညာမဲ့တဲ့ပုဂ္ဂိုလ် ရှိတယ်တဲ့၊ ဒီ ပုဂ္ဂိုလ်မျိုးတွေကို သဒ္ဓါအကြောင်းတို့ သီလ အကြောင်းတို့ ဗဟုသုတအကြောင်းတို့ စွန့်လွှတ်မှု အကြောင်းတို့ ပညာအကြောင်းတို့ သွားပြောမယ် ဆိုရင် စကားကောင်း မဖြစ်ဘူးတဲ့။

စကားကောင်း ဖြစ်ဖို့ရာအတွက် သဒ္ဓါတရား ရှိသူကို သဒ္ဓါအကြောင်းဟောရင် ကျေနပ်လို့ ဝမ်းသာ တယ်၊ ငါ့မှာ ဒါတွေ ရှိတယ်၊ သီလရှိတဲ့ ပုဂ္ဂိုလ်ကို သီလအကြောင်းဟောရင် ဝမ်းသာတယ်, ကျေနပ် တယ်၊ ဗဟုသုတရှိတဲ့သူကို ဗဟုသုတဆိုင်ရာတွေ ဟောရင် ကျေနပ်တယ်, သဘောကျတယ်၊ စွန့်ကြဲ တတ်တဲ့ပုဂ္ဂိုလ် လှူဒါန်းတတ်တဲ့ပုဂ္ဂိုလ်ကို စာဂ

အကြောင်းပြောရင် ကျေနပ်တယ်, သဘောကျတယ်၊ ပညာရှိတဲ့ပုဂ္ဂိုလ်ကို ပညာအကြောင်းပြောရင် ကျေနပ်တယ်, သဘောကျတယ်၊ စကားကောင်း ဖြစ်တယ်၊ ဒီအချက်တွေကို မြတ်စွာဘုရားက 'ဒုက္ကထာသုတ္တန်' မှာ ဟောထားတယ်၊ ဒါတွေက အလွန်မှတ်သားစရာ ကောင်းတယ်။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ် အပေါင်းတို့ဟာ ဒီကနေ့ ဟောပြတဲ့ သုတ္တန်တွေ အားလုံး စုပေါင်းလိုက်မယ် ဆိုရင်တော့ လေးသုတ် ရှိတယ်၊ အဲဒီသုတ္တန်တွေမှာလာတဲ့ မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်တွေ လိုက်နာကျင့်သုံးကြမယ်ဆိုရင် တရားဟောမယ့်ပုဂ္ဂိုလ် လိုက်နာရမည့်အချက်တွေ, တရားနာပရိသတ် လိုက်နာရမည့်အချက်တွေအတိုင်း လိုက်နာသင့်တယ်၊ အဲဒီအချက်တွေနဲ့ ညီညွတ်အောင် ဟောပြောနိုင်မယ် နာယူနိုင်မယ်ဆိုရင် နှစ်ဦးနှစ်ဝ အကျိုးရှိပါတယ်။

တရားဟောတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ဗုဒ္ဓမြတ်စွာရဲ့ တရားမွေကို အာရုံစိုက်ပြီးဟောလို့ ရှိရင် တရား

ထူးရနိုင်တယ်၊ “ရှင်ခေမက” ဆိုတဲ့ ရဟန်းတော် တစ်ပါးဟာ တရားမမွကို အာရုံစိုက်ပြီး ဟောလို့ တရားသိသွားဖူးတယ်၊ ဟောတာကတော့ သူများပဲ၊ ဒါပေမယ့် အာရုံစိုက်ပြီးတော့ ဟောလို့ သူကိုယ်တိုင် အကျွတ်တရား ရသွားဖူးတယ်။

ဘာနဲ့ ဥပမာတူတုန်းဆို ကူးတို့သမား ferry man နဲ့ ဥပမာတူတယ်၊ ကူးတို့သမားက လှေလှော် ပြီးတော့ ခရီးသည်ကို ဟိုဘက်ပို့တယ်၊ ပို့တာက တော့ ခရီးသည်ကို ပို့တာပဲ၊ ဒါပေမယ့် သူလည်း ရောက်သွားတာပဲပေါ့။

အဲဒီလိုပဲ တရားဟောတဲ့ပုဂ္ဂိုလ်ဟာ သူများကို ဟောတာ၊ ကိုယ်ဟောတဲ့တရား ကိုယ်တိုင်ကြားနာပြီး ကိုယ်လည်း အကျိုးရှိရမယ်၊ ဒီလိုဖြစ်သင့်တယ်ပေါ့။

အေး ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ ဩဝါဒတွေကို အခြေခံကစပြီး လိုက်နာကျင့်သုံးနိုင် ကြမယ်ဆိုရင် တရားဟောတဲ့ပုဂ္ဂိုလ်လည်းပဲ စိတ် ထားဖြူစင်ဖို့ လိုအပ်တယ်၊ တရားနာကြတဲ့ပုဂ္ဂိုလ် တွေကလည်း စိတ်ထားဖြူစင်ဖို့ လိုအပ်တယ်၊ နှစ်ဦး

နှစ်ဝ စိတ်ထားဖြူစင်ပြီး တရားဟောကြမယ် နာကြမယ်ဆိုရင် မိမိတို့ရည်ရွယ်ချက်ဖြစ်တဲ့ တရားဓမ္မကို သိရှိခြင်း, တရားဓမ္မကို ကျင့်သုံးခြင်းဖြင့် သံသရာဝဋ်ဆင်းရဲက ထွက်ပေါက်ကို ရရှိကြမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ ယုံကြည်ပြီး ဒီကနေ့ **"ဟောသူ နာသူ စိတ်ထားဖြူ"** ဆိုတဲ့ခေါင်းစဉ်နဲ့ ဟောပြောတဲ့ တရားအတိုင်း လိုက်နာကျင့်သုံးတော်မူနိုင်ကြပါစေကုန်သတည်း။

## မေတ္တာရှင်များသို့ (?)

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မွေစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

# အရှင်နန္ဒမာလာဘိဝံသ

## ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ


အဘိဓမ္မာ မြတ်ဒေသနာ(ပထမတွဲ)

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

၇။ ဓမ္မကြေးမုံ

၈။ တောင်ပို့ထဲက ရတနာ

၉။ မြတ်သောဥစ္စာ စုဆောင်းပါ

၁၀။ သမထနှင့် ဝိပဿနာ

၁၁။ ရောဂါကုစား စိတ်စွမ်းအား

၁၂။ ရှစ်ယောက်နှင့်တစ်ယောက်

၁၃။ မိတ်ကောင်းဆွေကောင်း

၁၄။ မေတ္တာနှလုံး အစဉ်သုံး

၁၅။ လူဖြစ်ကျိုးနပ်ပါစေ

၁၆။ မေတ္တသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရုဏာ

၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာအသင်းသူ/သားများ၏ အမေးကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

## ဓမ္မစာပေပြန့်ပွားရေး

## ထာဝရပဒေသာပင် အလှူရှင်များ

(တမျက်နှာကိုင့်ကွက်၍ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များကိုသာ ဖော်ပြပါမည်)

၁။ အနန္တငါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်
ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)ကို
ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့်
ဦးတင်စိုးတို့အားရည်စူး၍ ဒေါ်လှခင်မိသားစု။
(ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ ရန်ကုန်။ (သိန်းတစ်ရာ)

၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ (သိန်းငါးဆယ်)
သား မောင်မြတ်မင်းထင်ကျော်၊
မောင်ရဲမင်းသွင်ကျော်၊
သမီး မကြည်လဲ့ရွှန်းကျော် မိသားစု။ ရန်ကုန်။

၃။ ဒေါက်တာမြမြဝင်း၊ ဒေါက်တာဆန်းဆန်းဝေ (ရှစ်သိန်း)

၄။ ဦးမြင့်သန်း+ဒေါ်ခင်မမ (ငါးသိန်း)
ရှမ်းဗမာပွဲရုံ၊ မန္တလေးမြို့။

၅။ ဖြူး မိသားစု၊ ရန်ကုန်မြို့။ (ငါးသိန်း)

၆။ ဦးသက်ဦး+ဒေါ်တင်တင်ဝင်း၊ သမီး စုနန္ဒာဦး။ (ငါးသိန်း)
ရန်ကုန်မြို့။

၇။ ဦးကျော်လင်း+ဒေါ်ဒေစီကျော်လင်း(ဒေစီကျော်လင်း ပွဲထိုင်ဇာ) (ငါးသိန်း)

၈။ ကောင်းမြတ်စံ ပညာရေး(မန္တလေး) (ငါးသိန်း)

၉။ ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ ရန်ကုန်မြို့။ (သုံးသိန်း)

၁၀။ Singapore မှ အလှူရှင်များ (သုံးသိန်း)

၁၁။ ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ (သုံးသိန်း)
သား မောင်ဝေလှုံဦး၊ သမီး မမေမြတ်သူနိုင်
မိသားစု။ ရန်ကုန်မြို့။

၁၂။ ဦးသောင်းငွေး+ဒေါ်ခင်စောဝင်း မိသားစု (သုံးသိန်း)
သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ

၁၃။ ဦးဝင်းထွန်းသိန်း+ဒေါ်ကြူကြူသင်း (သုံးသိန်း)
သမီး မေပူးခင်၊ စုရတီ မိသားစု၊ ဝါးတန်းလမ်း။

၁၄။ ကွယ်လွန်သူ ဖခင်ဦးအောင်သိန်း+မိခင်ဒေါ်စောကြည် (သုံးသိန်း)
အား ရည်စူး၍ သမီး မသန်းသန်းအေး၊ မချယ်ရီမော်

၁၅။ ဦးမောင်မောင်အေး+ဒေါ်ခင်ခင်စု(OLGA) (သုံးသိန်း)
သမီး သင့်သင့်သူမိသားစု၊ ရန်ကုန်မြို့။

၁၆။ ရွှေစေတီတောရဆရာတော်အား အမှူးထား၍ (နှစ်သိန်းငါးသောင်း)
ဒေါ်ငွေးငွေးတင့်၊ သမီး ဆောင်းဝတ်ရည်တင့်
မိသားစု။ နေပြည်တော် စည်ပင်။

၁၇။ ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ။ (နှစ်သိန်း)

၁၈။ မိဘများအား ရည်စူး၍ (နှစ်သိန်း)
ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း၊
သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင်
မိသားစု။ ဒိုက်ဦးမြို့။

၁၉။ ဘိုးဘွားမိဘများနှင့် ဦးကြည်လွင်အား ရည်စူး၍ (နှစ်သိန်း)
ဒေါ်စောတင်အေး မိသားစု။
တိုက် ၁၅၊ အခန်း ၄၀၁၊ အောင်သပြေလမ်း။
ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်။

၂၀။ သင်္ဂဟဓမ္မရက္ခိတ တရားပွဲအလှူရှင်၊ မန္တလေးမြို့။ (နှစ်သိန်း)

၂၁။ ဒေါက်တာဦးမျိုးလွင်(၇၅ နှစ်ပြည့်မွေးနေ့) (နှစ်သိန်း)

၂၂။ ဦးထွန်းလင်း+ဒေါ်နွယ်နွယ်စန်း
အမှတ် ၆၀၊ ရွှေလှောင်းလမ်း၊ စမ်းချောင်း။ (နှစ်သိန်း)

၂၃။ ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး-စံသာရတနာ (တစ်သိန်းငါးသောင်း)
သား - မောင်စံသာသုခ မိသားစု၊ ရန်ကုန်မြို့။

၂၄။ ကိုအောင်နိုင်ငွေး+မသော်သော်အောင်၊ (တစ်သိန်းငါးသောင်း)
ဘုန်းမြတ်ပိုင်၊ ယွန်းလဲ့အိမ်၊ ရန်ကုန်။

၂၅။ ဦးထွန်းလု+ဒေါ်ကြင်မေ၊ သမီး ဒေါ်ဝင်းဝင်းကြည်၊
ဒေါ်လေးလေး၊ ဒေါ်အေးအေး (တစ်သိန်းနှစ်သောင်း)

၂၆။ ဒေါ်စန်းကြည်၊ တူမ မနုနုယဉ်၊ တူ မောင်အောင်ပုန်း
(တစ်သိန်းတစ်သောင်းတစ်ထောင်)

၂၇။ ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အမာ။
(တစ်သိန်းတစ်သောင်း)

၂၈။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ (တစ်သိန်း)

၂၉။ ဦးကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် (တစ်သိန်း)
သမီး မမြတ်ပန်းအေး၊ မပူးပွင့်ဟန်၊ ရန်ကုန်မြို့။

၃၀။ ဦးအောင်+ဒေါ်လှစိန် (တစ်သိန်း)
"အောင်သပြေ" ငါးခြောက်ရောင်းဝယ်ရေး၊ မုံရွာမြို့။

၃၁။ ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း (တစ်သိန်း)
နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။

၃၂။ ဖခင်ကြီး ဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး
ဒေါ်သန်းကြည်အား အမှူးထားလျက်
ဒေါ်မြသိန်းနှင့် မောင်နမတစ်စု၊ ရန်ကင်းမြို့နယ်။ (တစ်သိန်း)

၃၃။ ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု (တစ်သိန်း)
ကမာရွတ်မြို့နယ်။

၃၄။ ရွှေတောင်ဦးမော် ဆရာတော်၊ စစ်ကိုင်းမြို့။ (တစ်သိန်း)

၃၅။ ဦးခင်မောင်လွင်+ဒေါ်ခင်ပြုံး မိသားစု၊ နေပြည်တော်။ (တစ်သိန်း)

၃၆။ မိဘများနှင့် ဦးငွေသိန်းကို ရည်စူး၍ (တစ်သိန်း)
ဒေါ်ရှယ်လီ၊ သား ကိုရန်နိုင်ဗိုလ်+မခိုင်ရီမွန်
မိသားစု၊ ဒိုက်ဦးမြို့နယ်။

၃၇။ ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်လှတင် မွေးနေ့အလှူ။ (တစ်သိန်း)

၃၈။ ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင် (တစ်သိန်း)
သမီး-မဝိုင်းဝိုင်းပြည့်၊ သား-မောင်ထိန်လင်း

၃၉။ ဦးဝင်းလွင်+ဒေါ်ဖြူဖြူဝင်း (တစ်သိန်း)
သား-မောင်အောင်ထွန်းကျော်၊ မောင်ပြည့်ဖြိုးမင်း၊
သမီး-မခင်ငြိမ်းချမ်းဝင်း

၄၀။ မိဘများဖြစ်သော ဦးလှလှ+ဒေါ်ခင်သိန်းတို့ကိုရည်စူး၍ (တစ်သိန်း)
ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး+ဒေါ်စပယ်လှ မိသားစု။

၄၁။ ဦးစိုင်းမောင်ရွှေ+ဒေါ်နန်းအေးလှ။ နယ်မြေ(၅)၊ (တစ်သိန်း)
ရပ်ကွက်(၁၂)၊ လားရှိုးမြို့။
၄၂။ ဦးကျော်ထွဋ်+ဒေါ်စန်းစန်းဝင်း မိသားစု။ (တစ်သိန်း)
Toshiba Electronic ရန်ကုန်မြို့။
၄၃။ ဦးသိန်းဟန်(ဆရာဇော်ဂျီ)အား ရည်စူးလျက် (တစ်သိန်း)
မိခင်ကြီးဒေါ်စောရင်အား အမှူးထား၍
ဒေါက်တာခင်အုန်းဟန်မိသားစု၊ ရန်ကုန်မြို့။
၄၄။ ဒေါ်သင်းသင်းနွယ်၊ အမရပူရ။ (တစ်သိန်း)
၄၅။ ဦးထိန်လင်း+ဒေါ်နန်းထိပ်စံ။ ၂၈/ဘီ၊ရွှေတောင်ကြား။ (တစ်သိန်း)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၄၆။ ဒေါက်တာဦးမောင်မောင်ခင်+ဒေါ်ခင်ခင်အုန်းမိသားစု၊ (တစ်သိန်း)
ရန်ကုန်မြို့။
၄၇။ ဦးကျော်မြင့်အား ရည်စူး၍ (တစ်သိန်း)
ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။
၄၈။ နှစ်ဖက်ဘိုးဘွားများ အမှူးထား၍ (တစ်သိန်း)
ဦးဇော်ဝင်းလှိုင်+ဒေါ်မြတ်ကေခိုင်၊ သမီး-မမြတ်ရတနာလှိုင်
(သဒ္ဒါ-သက်န်းတိုက်) မိသားစု၊ ရန်ကုန်မြို့။
၄၉။ ဦးသိန်းစိုး+ဒေါ်ဘီးတင်၊ သား-စောသိန်းငွေ။ (တစ်သိန်း)
နေလင်းစိုး။ သမီး-လင်းသန္တာစိုး။ တင်မိုးဝင်း။
ဖြိုးဖြိုးသိန်းစိုး မိသားစု။
၅၀။ ဦးလှထွန်း+ဒေါ်ခင်မြတ်လှ၊ သားကြီး- (တစ်သိန်း)
မောင်ကျော်ဇေယျာထွန်း။ သားလတ်-မောင်ကောင်းထက်ဇော်၊
သမီးငယ်-မလှမြတ်သွေး။ ၄၅၊ ရန်ကင်းလမ်း။ စမ်းချောင်း။

၅၁။ ကျေးရွာရှင်ဆရာကြီး ဦးဘခင်(၁၉.၁.၇၁-၁၉.၁.၁၁) (တစ်သိန်း)
အားရည်စူး၍ သင့်သင့်သူ မိသားစု။
၅၂။ မဥ္ဇူသကာဓမ္မအဖွဲ့ (တစ်သိန်း)
၅၃။ ဦးကျော်ထွန်းနှင့် မောင်ကျော်ဇောထွန်းတို့အား (တစ်သိန်း)
ရည်စူး၍ ဒေါ်အေးသန်းမိသားစု(ကြည်တော်အိမ်ရာ)
၅၄။ မှူးသယ်မှ အလှူရှင် (တစ်သိန်း)
၅၅။ ကွယ်လွန်သူ ဦးအောင်ဖြိုး(၁-နှစ်ပြည့်)အားရည်စူး၍ (တစ်သိန်း)
ရွှေစင်ရတနာရွှေဆိုင်၊ ၂ ရပ်ကွက်၊ ဘုတလင်မ်း
ဒိုက်ဦးမြို့။
၅၆။ ဒေါ်ရင်မြင့်၊ သမီး မစံပယ်၊ မယုဇန မိသားစု။ (တစ်သိန်း)
၅၇။ စစ်ကိုင်းတိုင်း တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ+ (တစ်သိန်း)
ဇနီးဒေါ်မြမြလွင်၊ သားကြီး ကောင်းမြတ်သူ+
မမြတ်စုမွန်အောင်၊ သားငယ် ကောင်းစည်သူ၊ မုံရွာ။
၅၈။ ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင် (တစ်သိန်း)
သမီး မပိုင်းဝိုင်းပြည့်၊ သား မောင်ထိန်လင်း
၅၉။ မိခင် ဒေါ်ခင်နင်းရီအားရည်စူး၍ ဖခင်ဦးသန်းလွင်နှင့် (တစ်သိန်း)
သမီး မခင်ခင်စုဇော်မွေးနေ့အလှူ။
နင်းစာပေရတနာ၊ ဓမ္မစာပေပြန့်ပွားရေး
၆၀။ ဦးစိန်လှိုင်+ဒေါ်နုနုနိုင် သားသမီးမြေးတစ်စု။ (တစ်သိန်း)
ဟံသာရိပ်မွန်အိမ်ရာ။